

# ကြယ်စင်သူ

## ချစ်သူ့အမုန်း

ငါ့နှလုံးသားကို သေအောင်မင်းပဲ သတ်လိုက်တာ ... နောက်တစ်ခါ ထပ်ပြောလိုက်မယ် ...

ငါ့ရင်ထဲမှာ မင်းအတွက် အမုန်းတွေပဲ ရှိတယ်။ အဲ့ဒါယုံ ...

**လင်းသောကြယ်**

သူ့နှုတ်က အရမ်းမုန်းတယ်လို့ ပြောတဲ့ အချိန်အထိ ထိုင်စောင့်နေရမှာ လား ... sorry ပဲ ...

ည အချစ်က မာနရှိတယ် ချစ်တာသပ်သပ် ...

ဒူးထောက်အညံ့ခံဖို့ အထိတော့ ဝါသနာ မပါဘူး ...

**ညရိပ်ရင်ခွင်**

မိုက်ရူးရဲဆန်တာနဲ့ သတ္တိရှိတာက တခြားစီပဲ ... အရမ်းချစ်ပါတယ် ပြောပြီး မိုက်ရူးရဲဆန်တဲ့ သူကို တို့ အမုန်းဆုံးပဲ ...

အဲ့ဒီလိုလူကိုလည်း တို့ ဘဝလက်တွဲဖော် အဖြစ်လက်ခံမှာ မဟုတ်ဘူး ...

**ဆောင်းရိပ်ရနံ့**

ကိုယ်ဆိုတာ မင်းမျက်နှာလေးကို မှန်တစ်ချက် လိုကြည့်နေတတ်တာ မေ့နေပြီလားချာတိတ် ... မင်းမျက်နှာ တစ်ချက် ညှိုးရင် ကိုယ့်အတွက် ကမ္ဘာတစ်ကြိမ် ပျက်သလိုပဲကွ။

**မင်းဝသုန်**

ကိုယ်ချစ်တာထက် သူပိုချစ်လာတဲ့ တစ်နေ့ ... အဲ့ဒီအမုန်းတွေကို ဟားတိုက် ရယ်ပစ်လိုက်ဦးမှာ ...

'ကဲ ... ဘာတတ်နိုင်သေးလဲ' လို့ ...

အချစ်ဆိုတာ တစ်ခါတလေတော့လဲ ice-cream တစ်ခွက်နဲ့ တူတယ် ... အရသာရှိရှိစားမယ် ကြံစည်နေတုန်း အရည်ပျော်သွားတတ်တာမျိုး ... ချစ်ရမှာ ကြောက်ပြီး တွေဝေနေရင် အချစ်တွေကလဲ အရည်ပျော်သွားမှာ ပဲ ...

## ချစ်သူ့ ... အမုန်း
## အပိုင်း (၁)

"ဝုန်း... ဒုန်း... ခွမ်း ..."

မှန်တင်ခုံပေါ်က ပစ္စည်းများမှာ မြင်ရက်စရာမရှိအောင် ပြန့်ကျဲနေသည် ။ ပစ္စည်းများအား ပေါက်ခွဲနေပေမဲ့ နံ့သာရင်ထဲက ခံစားနေရသည့် အရှိန်က လျော့ကျမသွားပေ။ မငိုပါဘူးဟု တင်းထားသည့်ကြားက အလိုလို ကျဆင်းလာသော မျက်ရည်တို့ ကိုသာ ကျိန်ဆဲနေမိ၏။

"မင်းတော်သင့်ပြီ ထင်တယ် နံ့သာ"

"အို ... မတော်နိုင်ဘူး ... ဒီနေ့ရှင်နဲ့ အပြတ်ရှင်းရမယ် ကိုမိုးရိပ်၊ အိမ်ထောင် သက်၁၀နှစ်လုံး ကျွန်မခံစား ခဲ့ရတာတွေကို ဒီနေ့ရှင်သိအောင် ပြောရမယ်"

နံ့သာ ပေါက်ကွဲနေသလောက် မိုးရိပ်က စိတ်ပျက်ခြင်း များ စွာနှင့် နံ့သာကို ငေးကြည့်နေသည် ။

"ရှင်ကျွန်မကို မိဘတွေ သဘောတူလို့ မချစ်ဘဲ လက်ထပ်ခဲ့ရတာကို သိတယ်။ အဲဒီ့အတွက်လည်း ကျွန်မက ဇနီးမယားတစ်ယောက်ရဲ့ တာဝန်ကျေအောင် နေပေးခဲ့တာပဲ ... ဒါပေမဲ့ ... ရှင်က ... ရှင်က သမီးလေးနှစ်ယောက်ရဲ့ မျက်နှာကိုတောင် မထောက်ပဲ ဖောက်ပြန်ရက်တယ်"

"ဟာ ... မင်းဟာက တစ်ဖက်သတ်ကြီးပါလား။

မင်းတစ်ယောက်ထဲပဲ စွဲချက်တင်၊ မင်းတစ်ယောက်ထဲပဲ အမိန့်ချပြီး ငါ့သိက္ခာကို မစော်ကားနဲ့ ကွ၊ နေရာတကာ သံသယ မျက်လုံးနဲ့ ကြည့်ပြီး သဝန်လိုက်တိုနေတဲ့ မင်းကြောင့် ဒီလိုပြဿနာတွေ ဖြစ်လာတာ ... နှင်းဆီနဲ့ ငါ့ကို မင်းအထင်လွဲ နေတာပါလို့ ငါရှင်းပြပြီးသား ... မင်းရဲ့ သဝန်တို စိတ်တွေကြောင့် တစ်ဖက် မိန်းကလေး နစ်နာတယ်"

သူ့စကား တစ်ခွန်းကြောင့် နံ့သာရင်ထဲ မီးစနဲ့ ထိုးသလို ပူလောင်နာကျင်သွားသည် ။ မျက်လုံးထဲမှာ မျက်ရည်တွေ ဝေ့တက်လာကာ နှုတ်ခမ်းကတော့ မဲ့ပြုံးကိုပြုံးမိရင်း ...

"အဟက် ... အချစ်ဦးအပေါ်တော့ သိတတ်လှပါလား ကိုမိုးရိပ်ရဲ့ ... ဘာတဲ့ ... ကျွန်မက သဝန်တိုတယ် ဟုတ်လား ... အဲ့ဒါ ရှင့်ကို ချစ်လွန်းလို့ သဝန်တိုမိတာလေ ... ကျွန်မအပေါ် မချစ်တဲ့ သူတစ်ယောက်ကို ချစ်မိသွားလို့ ... ဒါပေမဲ့ ကျွန်မ ဘာပြန်ရလိုက်သလဲ ... ရှင်သစ္စာဖောက်တာပဲ ခံလိုက်ရတယ်"

"ဟာကွာ ... မင်း ..."

မိုးရိပ်သည် ဒေါသစိတ်ကြောင့် နံ့သာ၏ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင် လိုက်သည် ။ သူ့သစ္စာတရားနှင့် ကိုယ်ကျင့်တရားကို မယုံကြည်သော သူမအား သူဒေါသထွက် မိသော်လည်း သူမပါးပြင်ပေါ်က မျက်ရည်စများကြောင့် ရင်ထဲတွင် တစ်ချက်တော့ စို့နင့်သွား၏။

"ကျစ် ... ငါမင်းကို တကယ်စိတ်ကုန်တယ် နံ့သာ"

"ဘာ ..."

သူ့စကားအဆုံးမှာ တုန်လှုပ် သွားသော သူမသည် မျက်ရည်တို့ ဒလဟော စီးဆင်းလာရင်း ...

"စိတ်ကုန်တယ် ဟုတ်လား ... အဲ့ဒါ ကျွန်မပြောရမယ့် စကားပါ။ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေတဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မ ..."

"ဟာကွာ ... မင်း ..."

"ဖြန်း ..."

ဒေါသတကြီးသံနဲ့ အတူ သူရဲ့ ခပ်ပြင်းပြင်း ရိုက်ချက်ကြောင့် နံ့သာ မျက်နှာလေး လည်ထွက်သွားသည် ။ ရိုက်ပြီးမှ မိုးရိပ် တစ်ယောက် မှားမှန်းသိပေမဲ့ လွန်သွားလေပြီ။

အချစ်ကြီး၍ အမျက်ကြီးမိသော သူမသည် လည်း ...

"ရှင် ... ရှင် ကျွန်မပါးကို ရိုက်တယ် ... ရှင့်ကို သိပ်မုန်းတယ် ... အဟင့်"

"အဟင့် ... အီး .... ဟီး ... မာမီ"

"ဟင်"

"သမီးငယ်လေး"

အခန်းတံခါးဝမှ သူတို့ အဖြစ်ကို ချောင်းကြည့်နေသော သမီးငယ်လေး။ ဘယ်ချိန်ထဲက ရောက်နေမှန်း မသိပေမဲ့ သူမလေး မျက်ဝန်းအိမ်မှာ မျက်ရည်တို့ နှင့် ပြည့်နေကာ ခန္ဓာကိုယ်လေး တုန်အောင်ပင် ရှိုက်

နေလေသည် ။ သမီးငယ်လေးရဲ့ မျက်ရည်တွေကြောင့် မိုးရိပ်သည် နံ့သာကို ရိုက်ခဲ့မိသော လက်ကိုကြည့်ကာ နောင်တရ နေမိသည် ။ နံ့သာကတော့ မျက်ရည်များကို သုတ်ကာ တုန်ယင်နေရှာသော သမီးခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ထွေးပွေ့ထားရင်း ...

"သမီး"

"အင့် ... ဟင့် .... ဒယ်ဒီက မာမီ့ကိုရိုက်တယ် ... အီး .... ဟီး"

" မဟုတ်ဘူး ... မာမီမနာပါဘူး သမီးရယ် ... ဟင့်"

မိုးရိပ် လက်တို့ က ကြောက်လန့်နေသော သမီးအား နှစ်သိမ့်ပေးရန် ခေါင်းလေးဆီ အရောက် ...

"ရှင် ကျွန်မသမီးကို မထိနဲ့ ..."

ကျားရဲမလေး တစ်ကောင်လို တုံ့ပြန်လိုက်သော နံ့သာကြောင့် မိုးရိပ် လက်တို့ က ရပ်တန့်သွားသည် ။

"ကျွန်မရှင်နဲ့ ဆက်မပေါင်းနိုင်ဘူး ဦးမိုးရိပ် ... ရှင်လည်း ကျေနပ်မှာပါ။ မေမေတို့ က တစ်ဆင့် ကွာရှင်းစာချုပ် ပို့လိုက်မယ် ... လာ ... သမီး "

"ဟာ ... ဟော့ ... နံ့သာ မင်းဒီလိုသွားလို့ မရဘူး ... မင်းသမီးတွေ မျက်နှာကို မထောက်တော့ဘူးလား ..."

"အဟွန်း ... ကလေးတွေမျက်နှာကို တစ်ချက်လေးမှ မထောက်တာက ဘယ်သူလဲ ... Sorryပါဦးမိုးရိပ် ကျွန်မအသား နာတာထက် နှလုံးသားထဲကပါ နာအောင် ရှင်လုပ်လိုက်ပြီ ... ရည်းစားဟောင်း အတွက် လက်ရှိမိန်းမကို ရိုက်ရက်တဲ့ ရှင့်ကို ကျွန်မ ဆက်မပေါင်းနိုင်ဘူး..."

"ဟိတ် ... မင်းမသွားရဘူး။ သွားရင်လဲ ငါ့သမီးငယ်လေးကို ထားခဲ့"

"အို ... မထားခဲ့နိုင်ပါဘူး ... ကျွန်မဝမ်းနဲ့ လွယ်မွေးထားတဲ့ သမီးတွေကို ရှင့်အနားမှာ လုံးဝမထားခဲ့နိုင်ဘူး ... ရှင်သာ ပျော်ပျော်ကြီး နေရစ်ခဲ့ပါ ..."

"ဟာကွာ ... တောက် ..."

ခေါင်းမာလှသော နံ့သာက သမီးကိုခေါ်ကာ ကားကို တစ်ရှိန်ထိုးမောင်းရင်း ထွက်သွားပြီ ဖြစ်သည် ။ ကားပေါ်မှ သူ့အား ငေးကြည့်သွားသော သမီး၏ မျက်လုံးဝိုင်း လေးတွေက မိုးရိပ်အာရုံထဲ စွဲထင် ကျန်ရစ်ခဲ့သည် ။

မင်းရဲ့ အချစ်တွေကို ကိုယ်မြင်ခဲ့ပါတယ် နံ့သာရယ် ... ဒါပေမဲ့ သဝန်တိုတတ်လွန်းတဲ့ မင်းစိတ်ကိုတော့ ကိုယ်တကယ် ကြောက်မိတယ်...။ သူမပါးပြင်အား ရိုက်ခဲ့မိသော သူ့လက်ဖဝါးအား ပြန်ကြည့်ရင်း အပြစ်ကင်းလှသော သမီးကြီးနှင့် သမီးငယ်လေး၏ မျက်နှာလေးများကိုသာ မြင်ယောင် နေမိလေသည် ။

***

သန်းခေါင်ကျော် အချိန်တွင် ကားလမ်းမထက် အရှိန်ပြင်းစွာ မောင်းလာသော ကားလေးတစ်စီး ... ကားမောင်းသူ နေရာရှိ အမျိုးသမီးမှာ မျက်ရည်များ အဆက်မပြတ် ကျဆင်းလျက် ရှိသည် ။ ဘေးမှ ချစ်စရာ ကလေးလေးတစ်ယောက် ကတော့ မိခင်ဖြစ်သူကိုသာ အကြောင်းသား ငေးကြည့်နေလေသည် ။

"ဟင့် ... အဟင့် ... ရှင့်အပေါ် အမြဲပေးဆပ်ပြီး ချစ်ခဲ့တာကို ရှင်ကတော့ ရက်စက်တယ် မိုးရိပ်၊ ကျွန်မ အချစ်တွေက ရှင်နဲ့ လုံးဝမတန်ဘူး

... မုန်းတယ်"

"မာမီ"

"ဟင် ..."

ဘေးမှ သမီးလေးအသံကြားမှ မျက်ရည်တို့ ကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်း သုတ်လိုက်သည် ။ သူမအရှုံးတွေကို သမီးလေးအား မမြင်စေချင်ပါ။

"မာမီ ... မီး ကြောက်တယ် ... အပြင်မှာ လဲ မှောင်မဲနေတာပဲ ... မာမီဘယ်သွားမလို့ လဲ"

အို ... ဟုတ်ပါရဲ့ ... သမီးကြောက်နေရှာတော့မည်။ နံ့သာ ကားအရှိန်ကို အသာလေး လျှော့လိုက်ရင်း ...

"မကြောက်ပါနဲ့ သမီးရယ် ... မာမီတစ်ယောက်လုံးရှိတယ်၊ မာမီတို့ အခု ဘွားဘွားကြီး ရှိတဲ့ မန္တလေးကို သွားပြီး သမီးမမကို သွားခေါ်မယ် ... ပြီးတော့ မာမီတို့ သားအမိသုံးယောက် အတူတူနေကြမယ်"

"မမဆီကို ဟုတ်လား"

သမီးကြီး ရန့်လို့ ပြောလိုက်တာနဲ့ သမီးငယ် မျက်ဝန်းလေးတွေ အရောင်လဲ့ သွားသည် ။ သမီးကြီး သိတတ်စထဲက နံ့သာမေမေက သမီးကြီးကို သူ့ထံခေါ်ထားတာ ကြာလှပြီ။ ညီအစ်မနှစ်ယောက်မှာ အတူကစား ရသည် မရှိ။ အခုတော့ ရက်စက်တတ်သော ယောက်ျားရဲ့ အဝေးမှ သူမသမီးလေးတွေနဲ့ သာ ကမ္ဘာတည်တော့မည်။

"မာမီ ... ဒယ်ဒီ့ကိုရော မခေါ်ဘူးလားဟင်"

"သမီးငယ် ..."

ကားစတီယာဒိုင်ကို ကိုင်ထားသော နံ့သာလက်တို့ တုန်သွားသည် ။ နှုတ်ခမ်းကို ဖိကိုက်ထားပြီးမှ ...

"မခေါ်ဘူး ... သစ္စာမရှိတဲ့ ယောကျ်ား .... မာမီ့ဘဝမှာ မိုးရိပ်ဆိုတာ မရှိတော့ဘူး။ သူ့ကို အရမ်းမုန်းတယ်"

ချက်ချင်း မျက်ဝန်းအိမ်တစ်ခုလုံး မျက်ရည်တို့ ဖြင့် ပြည့်နှက်လာကာ အမြင်အာရုံတစ်ခုလုံး ဝေဝါးသွားသည် ။ ရုတ်တရက် မျက်နှာချင်းဆိုင်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားတစ်စီး။

"မာမီ ..."

သမီးလေးရဲ့ ကြောက်တလန့်တကြီး အော်သံနဲ့ အတူ သူမဘာရိတ်ကို အုပ်ပေမဲ့ မရတော့။ တစ်ဖက်က ကုန်တင်ကားနဲ့ ခေါင်းချင်းဆိုင်သည့် တစ်ခဏ ... သူမရင်ထဲမှာ သမီးအတွက် ပူပန်စိတ်တွေပဲ ရှိနေ၏။

သမီးကိုယ်လေးကို မျက်လုံးစုံမှိတ်၍ ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်သည် ။

"ဝုန်း ..."

ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည် ။ တစ်ဖက်မှာ ကုန်တင်ကားဖြစ်၍ လူစီးကားမှာ ထိခိုက်မှုက မနည်းပေ။ အတန်ကြာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားပေမဲ့ ငိုရှိုက်သံလေး သဲ့သဲ့လေးက ထွက်ပေါ်လာ၏။

"အီး ... ဟင့် ... မာမီ .... ထပါဦး ... ကြောက်တယ် ... မီးကြောက်တယ် ... သွေးတွေ ... အီး .... ဟီး ... မာမီ ... ဟင့်"

ကလေးလေး၏ အဖြူရောင် ဂါဝန်လေးနဲ့ သူမတစ်ကိုယ်လုံးမှာ သွေးတို့ က မြင်ရက်စရာမရှိ။ ဒါပေမဲ့ ထိုသွေးတို့ က ကလေးရဲ့ သွေးမ

ဟုတ်ခဲ့ဘဲ ရင်ခွင်ထဲ ပွေ့ထားသော နံ့သာရဲ့ သွေးများ သာ ဖြစ်လေသည် ။

"မာမီ ... ထပါဦး ... မီးကြောက်တယ်လို့ ... ဒယ်ဒီရေ ... မမရေ ... ဟင့် .... ဟီး"

ကလေးရဲ့ ကမ္ဘာပျက်မတတ် အော်သံကိုတော့ သူမ အသက်ကိုစွန့်ကာ အချစ်ကြီးခဲ့သော နံ့သာတစ်ယောက် ကြားနိုင်မည် မဟုတ်တော့။ တိတ်ဆိတ်သော ညအလယ်တွင် ငိုရှိုက်သံ သဲ့သဲ့လေးမှာ လဲ တဖြည်းဖြည်း ပျောက်ကွယ် သွားလေသည် ။

"ဟာ ... ဒီမှာ ကားနှစ်စီး တိုက်တာဟ"

"ဟယ် ... လုပ်ကြပါဦး ... လူနာတင်ယာဉ် ခေါ်ကြလေ ... သေကုန်ပြီလား မသိပါဘူး"

"ဒီ မှာ ကလေးတစ်ယောက် သတိလစ်နေတယ် ... အသက်ရှူ နေသေးတယ်ဟေ့ ..." ပတ်ဝန်းကျင် တစ်ခုလုံး လူနာတင်ယာဉ် တဝီဝီဖြင့် ဆူညံသွားလေသည် ။

***

"စိတ်တော့မကောင်းပါဘူး ... ကိုမိုးရိပ် ခင်ဗျားဇနီးက အဲ့ဒီနေရာမှာ ပဲ ပွဲချင်းပြီး သေဆုံးသွားခဲ့တယ် ...."

"ဗျာ ..."

"ဒါပေမဲ့ ခင်ဗျားဇနီးက တကယ်ကို မိခင်ပီသတဲ့ မိခင်ကောင်း တစ်ယောက်ပါ။ နောက်ဆုံး အချိန်ထိ သူ့ကလေးကို ရင်ထဲထွေးပိုက်ပြီး ကာကွယ် ပေးနိုင်ခဲ့တယ် ... ခင်ဗျား သမီးလေးကတော့ အခုထိ သတိမရသေးဘူး သူ့မှာ တော့ ဘာဒဏ်ရာမှ မရှိပါဘူး။ ကျွန်တော် တကယ်ပဲ

ခင်ဗျားဇနီးကို လေးစားမိပါတယ်ဗျာ ..."

ဆရာဝန်စကားက သူနားထဲ မကြားတစ်ချက် ကြားတစ်ချက်။ နံ့သာရယ် ... ဒါတွေအားလုံး ကိုယ့်အပြစ်တွေပါကွာ ကိုယ်ဘယ်လိုဖြေရမလဲ ... အထင်လွဲနေတဲ့ မင်းကို ကိုယ်သေချာ ရှင်းပြခဲ့ရမှာ ... အခုတော့ ... ကုတင်ထက် သတိလစ်နေသော သမီးငယ်လေးကို မြင်ရတာ သူ့ရင်တွေ နာကျင်လှပါပြီ။

သမီးလေး သတိလစ်နေတာ ဖရက်ရှိပြီမို့ သူ့မှာ စိုးရိမ်နေရသည် ။

"ဒေါက်တာ ... ကျွန်တော့် သမီးလေး သတိလစ်နေတာကြာပြီ ... ဘာများ ဖြစ်လို့ လဲ ... ကျွန်တော်တို့ ဘက်က medical Check-up ဖြစ်ဖြစ် ..."

"ခဏလေး စောင့်ကြည့်ပါဦး ကိုမိုးရိပ် ... ခင်ဗျား သမီးက အတွင်းရော အပြင်ရော ဘာဒဏ်ရာမှ မရဘူး ... တိတ်လန့်စရာ တစ်ခုခုကြောင့် အသိပြန်မလည်သေးတဲ့ သဘောပါ ...."

"ဒါပေမဲ့ ... ဆရာ သမီးလေး သတိမေ့နေတာ ဖရက်ကျော်နေပြီ ... Comaတွေ ဘာတွေ ဝင်သွားမှာ ကျွန်တော်စိုးရိမ်တယ် "

ဒေါက်တာက သက်ပြင်းတစ်ချက်ချကာ ...

"ကျွန်တော်တို့ တွေ စောင့်ကြည့်ကြရအောင်ပါ "

မိုးရိပ်တစ်ယောက် သမီးလက်လေးကို ကိုင်ကာ ခေါင်းငိုက်စိုက်ကျနေလေသည် ။ ထိုအဖြစ်များ အတွက် အပြစ်ရှိသူဟာ သူပဲမို့ ...

"ဖေဖေ ... ညီမလေး နေမကောင်း သေးဘူးလားဟင်"

အသံကြားရာ သူကြည့်မိတော့ သမီးကြီး။ ရင်ထဲက အပူတွေကို အ

တင်း မှိုသိပ်ထားကာ ပြုံးမိသည် ။

"မကြာခင် နေပြန်ကောင်းလာမှာ ပါ သမီးရယ် ... သမီးကြီးက ဆုတောင်းပေးရမယ်နော်"

"ဟုတ် .... ဖေဖေ ရန်နဲ့က ဘွားဘွား သင်ပေးထားတဲ့ ဘုရားစာတွေ ရွတ်ပြီး ဆုတောင်းမှာ "

သိတတ်နေပြီ ဖြစ်သော သမီးစကားကြောင့် မိုးရိပ် ပီတိ ဖြစ်ရပါသည် ။ ဒါပေမဲ့ သမီးငယ် သတိမရသေးခင် အထိ သူ့ရင်ထဲက အပူတို့ က လျော့ကျ မသွားခဲ့ဘဲ ...

သတိရပါတော့ သမီးငယ်လေးရယ် ...

ဒယ်ဒီအ လုပ်မသွားခင် အတင်းပြေးဖက်ပြီး နမ်းခဲ့သလိုမျိုး အခုနိုးထ လာပြီး နမ်းလိုက်စမ်းပါ။

"အင်း ... ဟင်း ..."

ရုတ်တရုတ် လှုပ်လွန့်လာသော ခန္ဓာကိုယ်လေး ... ပြီးတော့ အပြင်လောကကြီးကို မြင်ဖို့ ကြိုးစားနေသော မျက်ခွံမို့မို့လေးများကို သူသတိထား မိလိုက်သည် ။

"ဟင် ... သမီး .... သမီးလေး သတိရ လာပြီလား ... မကြောက်နဲ့ နော် ဒယ်ဒီရှိတယ်"

"ဖေဖေ...ညီမလေး သတိရ လာပြီ"

"ဒေါက်တာ ... ဆရာ .... ဒီမှာ ကျွန်တော့် သမီးလေး သတိရ လာပြီထင်တယ်"

ဆရာဝန်ခေါ်သံ၊ ဝမ်းသာအားရ စကားပြောသံတို့ မှာ အခန်းအတွင်း

ဆူညံနေသည် ။ ရက်အနည်းငယ်သာ ကြာခဲ့ပါက သမီးလေးအဖြစ်က တွေးရဲစရာ မရှိတော့ပေ။ အထူး အခန်းကြီး တစ်ခုလုံးက ပျော့်ရွှင် ကြည်နူး နေသံများ နဲ့ ပြည့်နှက်နေချိန် မိုးရိပ်က မျက်လုံးစိမ်းလေး တစ်စုံကို သတိထားမိကာ ...

"သမီး ... သမီး နေကောင်းရဲ့ လား"

ဆေးရုံ မျက်နှာကျက်ကို အကြောင်းမဲ့ ငေးကြည့်နေသော သမီးက ပြန်ဖြေဖော်ပင်မရ။

"သမီး ... သမီးငယ်လေး ဒယ်ဒီလေ ... ဒယ်ဒီ့ကို မှတ်မိရဲ့ လား"

ဒေါက်တာနဲ့ မိုးရိပ်မျက်လုံးချင်း ဆုံသွားသည် ။ ဒေါက်တာက ခေါင်းတစ်ချက်ညိတ်ပြကာ ...

"သမီး ... ဒါသမီးဒယ်ဒီလေ ... မှတ်မိရဲ့ လား ... ဒါက သမီးရဲ့ မမ ... သမီးတစ်ခုခု ပြန်ပြောလေ ... သမီးဘာဖြစ်ချင်လဲ ...

တစ်ခုခု ပြန်ပြောလိုက်"

"ဆရာ ... လုပ်ပါဦး ကလေးက စကားပြန်မပြောတော့ဘူး"

"စိတ်အေးအေးထားပါ ကိုမိုးရိပ် ...

ကလေးတွေရဲ့ နုငယ်သေးတဲ့ နှလုံးသားမှာ ထိတ်လန့်စရာ ကြုံတဲ့ အခါ ဖြစ်တတ်ပါတယ် ... သမီးက လိမ္မာတယ် ... ဦးတို့ မေးတာကို ဖြေနော် ...

သမီးက မဖြေဘဲ အကြာကြီးစိုက်ကြည့် နေလေသည် ။ အရာရာဟာ သူ့အတွက် စိမ်းသက် နေသည် လား မသိ။ မိုးရိပ် အပါအဝင် ဆရာဝန်များအားလုံး ပျာယာခတ်နေကြ၏။ သမီးက စကားမပြောသည့် အပြင်

ဘာကိုမှ မှတ်မိသည့်ပုံမပေါ်။ သမီးကို ကြည့်ရင်း စိတ်ထိခိုက်နေသူက မိုးရိပ်ပင်။

အခုလဲ သမီးနှုတ်က ထွက်လာမည့် စကားသံအား မျှော်လင့်နေကြသည် ။

"မီးမီး နာမည်ဘယ်သူလဲ သိလား"

ဆရာဝန်ကြီးရဲ့ ချော့မေးသံနောက်မှာ မိုးရိပ်ရဲ့ မျှော်တလင့်တကြီး အကြည့်တို့ က သမီးထံမှ မရွေ့သေးပါ။ ဒါပေမဲ့ သူမလေးရဲ့ ခေါင်းတစ်ချက် အယမ်းမှာ သူ့မျှော်လင့်ခြင်းတို့ ပျက်စီးကုန်သည် ။

"ဒါက သမီးရဲ့ ဒယ်ဒီနဲ့ မမ ... သူတို့ ကိုရော မှတ်မိရဲ့ လား"

ဒီတစ်ခါတော့ သမီးက သူ့ဘေးမှ ဘာဘီအရုပ်လေးကို ဖက်ထားသည် ။ အရာရာ အားလုံးကို မကြားသလိုပုံစံမျိုးနဲ့ အရုပ်လေးကိုသာ ဖတ်တွယ်နေ၏။

"သမီး ... ဆရာ့ကို သေချာကြည့် ... သမီး ... ဘာဖြစ်လို့ ဒီဆေးရုံ ရောက်နေလဲ သမီးသိလား ... သမီးမာမီကိုရော မှတ်မိလား ... သမီးတို့ ကားနဲ့ သမီးဘွားဘွားဆီ သွားကြတာဆို ..."

သမီး မျက်ဝန်းလေးတွေ လှုပ်ရှားသွားသလို နှုတ်ခမ်းလေးတို့ က ဖွင့်ဟသွားသလို ထင်ရလေသည် ။

"မာမီ ... အင့် ... ဟီး မာမီ ... မာမ့ီမှာ သွေးတွေ ... ဒယ်ဒ့ီကို မုန်းတယ် ဟီး ... မာမီရေ ... မီးကိုလာခေါ်ပါ။ သွေးတွေ ... ကြောက်တယ် ... အရမ်းကြောက်တယ် ... ဟင့်"

"သမီးငယ်လေး ..."

နှုတ်မှ ခပ်ဖွဖွရေရွတ်ကာ မိုးရိပ်ရဲ့ ခြေလှမ်းတွေ မခိုင်တော့သည် မို့ ဆေးရုံနံရံကို မှီထား လိုက်ရသည် ။

"ဒယ်ဒီ့ကို မုန်းတယ် ..."

သမီးရဲ့ စကားသံက သူ့နားထဲ ပဲ့တင်ထပ်နေသည် ။ သမီးနှုတ်က ပြန်ထွက်လာတဲ့ စကားသံက "ဒယ်ဒီ့ကို မုန်းတယ်" တဲ့ လား...

သမီးရဲ့ စကားသံကြောင့် မိုးရိပ် ရင်တစ်ခုလုံး စုတ်ပြတ်နေပြီ ဖြစ်သည် ။ သူမလေး ရင်ထဲက ဒဏ်ရာ တချို့အား သူဘယ်လို ကုသပေးရမည်မှန်း မသိတော့။

အဲ့ဒီအချိန်ကစပြီး သမီးနဲ့ သူ့ကြားမှာ နွေးထွေးခြင်းဆိုတာ ပျောက်ဆုံး နေတတ်သည် ။ အမြဲတစေ မိခင်ကို လွမ်းကာ ငိုနေသော သမီးငယ် အတွက် သူလုပ်လိုက်သော အရာသည် သမီးဘယ်လိုမှ ခွင့်မလွှတ်နိုင်သော အမှားတစ်ခု ဖြစ်နေခဲ့၏။ သူမလေး နှုတ်ခမ်းထက်က ချိုမြိန်သော အပြုံးတို့ ပျောက်ကွယ်ကာ ဂျစ်ကန်ကန် နိုင်လှသော ထိမထင် အပြုံးတို့ က ဝင်ရောက် လာခဲ့လေသည် ။

အရာအားလုံးကိုသာ အစက ပြန်စခွင့်ရခဲ့လျှင် ...

***

နှစ်အနည်းငယ်ကြာပြီးနောက် ...

"အမလေး ... ဆိုးလိုက်တာမှ တာတေကိုလန်ရောတဲ့ ... ရုပ်လေးက ဖူးဖူးစင်စင်လေးနဲ့ ဒီလောက်လှတာ ... လူကတော့ အော်ကြော့လန် ..."

"ဟုတ်ပ့ါ ... မိထွေးကိုလဲ အရွဲ့တိုက်လိုက်တာ ... မိထွေးက တော်ရှာပါတယ် အရိပ်တကြည့်ကြည့်နဲ့ တဲ့ ဒါပေမဲ့ အဲ့ကောင်မလေး ကတော့ အမြဲဆန့်ကျင်ဘက်တွေ လုပ်နေတာ"

"ဟယ် ... အဲ့ဒီလောက်တောင်ပဲလား မထင်ရဘူး ..."

ထောက်ခံသူကလည်း မဲ့ကာရွဲ့ကာ ထောက်ခံရှာသည် ။ အတင်းပြောနေရလျှင် လက်ထဲမှာ ကိုင်ထားသော ဈေးခြင်းတောင်းကို တောင် သတိထားမိပုံမရ ...

"ချမ်းသာတာတော့ ကျိုကျိုတတ်ပဲနော် အိမ်ကြီးကလည်း ဟီးလို့ ..."

"ချမ်းသာတာကို မကြည့်နဲ့ တော်ရေ ... အခုဆို အဖေက သမီးဆိုး လွန်းလို့ ရောဂါတောင်ရနေပြီ ... အင်း ... သမီး အကြီးမလေး ကတော့ တော်ရှာပါတယ်...ဆေးကျောင်း တတ်နေတာတဲ့ လေ ..."

"ဟယ် ... တော်လိုက်တာ ... ဟိုကောင်မလေးနဲ့ များ တခြားစီပဲ"

"အဟွန်း ..."

နောက်ပါးမှ အသက်မပါသော ရယ်သံတစ်ချက် ... ထိုရယ်သံကို မ ကြားလောက်အောင် သူမရှေ့မှ မိန်းမတစ်သိုက် အတင်း ပြောနေကြသ ည် ။ 'ည' တစ်ယောက်အံကို တင်းနေအောင်ကြိတ်ကာ မျက်ဝန်း လေး တွေကပါ အေးစက်နေလေသည် ။

ဝေဖန် အတင်းပြောသံတွေကို တုံ့ပြန်ရန် ဝန်မလေးသောညက သူမ စီးလာသော စက်ဘီး လက်ကိုင်ကို တင်းနေအောင် ဆုပ်ကိုင်လိုက်၏။

ခေါင်းကိုမော့၍ လေကို အဆုတ်ဆီတဝ ရှူထုတ်ရင်းမှ စက်ဘီး ခြေနင်းကို အားကုန် နင်းလိုက်လိုက်သည် ။ စက်ဘီးသည် အတင်းပြော နေသော မိန်းမနှစ်ယောက်ကြား တရကြမ်း တိုးဝင်သွားပြီးမှ ...

"အို .... ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ ..."

"အမလေး ... သေပါပြီတော်"

စက်ဘီးအရှိန်ကြောင့် မိန်းမကြီး နှစ်ယောက်မှာ လမ်းမထက်တွင် ဖယိုဖရဲ ဖြစ်သွားရ၏။ စျေးခြင်းတောင်းထဲမှ အသီးအရွက် အသားငါးတို့ကလည်း လမ်းပေါ်သို့ ပြန့်ကြဲ ကုန်သည် ။

"ညည်းဘယ်လို လုပ်လိုက်တာလဲ... လူတွေ သွားနေတာတောင် မမြင်ဘူးလား ဒီလောက် လမ်းအကျယ်ကြီး ကိုနမော်နမဲ့နဲ့ ဘယ်လို ကောင်မလေးမှန်း မသိဘူး ... ဟဲ့ကောင်မလေး ... နင်မျက်စိ မမြင်ဘူးလား ..."

"ညက မြင်ပါတယ် ... အန်တီတို့ သိထားဖို့ လိုတာ ... ညပြောအောက်ကြည့် ... နေ့ပြောနောက်ကြည့်တဲ့ ... သူများ အတင်း ပြောချင်ရင် ပတ်ဝန်းကျင်လဲ သတိထားဦးမှ ပေါ့ ဘယ်လိုလဲ အန်တီ ... အကျင့်ဆိုးရှိတဲ့ ကောင်မလေးဆိုတာ သိသွားအောင်လို့ လက်တွေ့ ပြလိုက်တာလေ စက်ဘီးနဲ့ တိုက်တာက ပွန်းပဲ့ရုံပဲ .... စိတ်မထင်လို့ ကားနဲ့ လိုက်တိုက်မှ ဘဝပြောင်း သွားဦးမယ် ..."

"ဟယ် ... ကြည့်စမ်း "

ပြောသွားလိုက်တာ တစ်ခွန်းမှ အထစ်အငေါ့မရှိ။ မျက်နှာလှလှလေးကို ချီ၍ ပြောသွားသော ကောင်မလေးကြောင့် ထိုအန်တီမှာ မျက်နှာကြီးနီရဲကာ ဒေါသထွက်နေသည် ။

ညတစ်ယောက်ကတော့ ဂျစ်တစ်တစ်ဂျစ်ကန်ကန် ပြောရင်း စက်ဘီးက တစ်ရှိန်ထိုး မောင်းထွက်ခဲ့၏။

"အမလေး ... ရိုင်းလိုက်တာ ကိုယ်မွေးရင် ကိုယ့်သမီးလောက်လေးက စော်ကားတာတော့ မခံနိုင်ဘူး၊ မကျေနပ်ဘူးဟေ့ ... ဒီအတိုင်းငြိမ်ခံနေမှာ မဟုတ်ဘူး ... ညည်းဖြေရှင်းဖို့ သာ ပြင်ထားပါ ..."

မိန်းမကြီးနှစ်ယောက် ဆွေ့ဆွေ့ခုန်ကာ ကျန်ရစ်ခဲ့သည် ။ ညက တော့ နောက်ကျောခိုင်းထားရင်းမှ လှလှပပလေး ပြုံးမိလိုက်၏။

အပျွန်း ... ဘာတဲ့ ... ကိုယ်မွေးရင် ကိုယ့်သမီးလောက်လေးက စော်ကားတာတော့ မခံနိုင်ဘူးဆိုပဲ ... ဆိုလဲ အစောကြီးထဲက ကိုယ့်သ မီးလေးလို ကိုယ်ချင်းစာ တရားထားခဲ့ပါတော့လား။ ပတ်ဝန်းကျင်က ထင်သလိုမျိုး ညဟာအမြဲတမ်း ရိုင်းဆိုင်းနေတတ်တဲ့ မိန်းကလေးတစ် ယောက် ...။

သူမရင်ထဲကို အဆိပ်တွေ လာထည့်ပေးခဲ့တာကြ ဘယ်သူမှ မြင် မည်မထင်။ ဒယ်ဒီနဲ့ ဟိုမိန်းမ မျက်နှာမြင်တော့ နှုတ်ခမ်းလေးကို ဖိ ကိုက်ကာ နာကျင်လာရသည် ။ ညအပေါ် အပြစ်မြင်ကာ အထင်သေးရှုံ့ ချ နေသူများကို ဂရုမစိုက်တတ်တာ အပြစ်တစ်ခုလို ဖြစ်နေရင်တော့ လည်း ...

သူကရိုင်းရင် ကိုယ်ကနှစ်ဆ ပြန်ရိုင်းတတ်တာ "ညရိုပ်ရင်ခွင်"ရဲ့ ရာ ဇဝင်။ သူမရဲ့ ရာဇဝင်မှာ နူးညံ့ခြင်းဆိုတာ စိမ်းသက်နေခဲ့လျှက် ...

***

# အပိုင်း( ၂ )

"ညရိပ်ရင်ခွင် ..."

ခြံထဲဝင်ရုံ ရှိသေးသည် ။ ဒယ်ဒီ့ရဲ့ ဒေါသတကြီး အော်သံကြောင့် ပ ခုံးနှစ်ဖက်ကို စုံတွန့်လိုက်မိ၏။ အသံကြားတာနှင့် ဒေါသ၏ ဗို့အားမှာ တိုင်းတာစရာမလိုပါ။ ဒါပေမဲ့ ရင်ထဲမှာ ကြောက်ရွံ့ခြင်းဆိုတာ ဖြစ်မ လာခဲ့ ...

စက်ဘီးကို အသာဒေါက်ထောက်ကာ ကျောပိုးလွယ်အိတ်လေးကို ကိုင်ရင်း အိမ်ထဲသို့ ဝင်လာလိုက်သည် ။ တွေ့ရပါပြီ ... မိထွေးတော်ဂေါ် တမီ ဒယ်ဒီအနားမှာ မျက်နှာငယ်လေးနဲ့ ဘာတွေအယူခံ ဝင်နေလဲ မသိ ။

"ညလေး ... လွယ်အိတ်ပေးလေ ... ခဏနားပြီးမှ ရေချိုးလိုက်နော် ... သွား ..."

"မလိုပါဘူး ... ဒီမှာ ဒေါ်မေနှင်းဆီ ... အတွင်းစိတ်ကို သကာ လောင်းပြီး ညကိုမမြူဆွယ်ပါနဲ့ ... ဒယ်ဒီ့ကိုပဲရမယ် ... ညကိုတော့ရမှ မဟုတ်ဘူး ..."

"အို ... မဟုတ်တာ ..."

"ညရိပ်ရင်ခွင် ..."

ဒုတိယအကြိမ် ကျယ်လောင်စွာ ထွက်ပေါ်လာသော ဒယ်ဒီရဲ့ ဒေါသ တကြီး အော်သံနောက်မှာ ညရဲ့ နှုတ်ခမ်းပါးလေးမှာ လဲ ကော့တက် သွားသည် ။

"မဆိုင်တဲ့ လူကို ဘာလို့ မဲနေတာလဲ ... အခုဒယ်ဒီ မေးတာကိုဖြေ ... ညည်းအခု ဘယ်ကပြန်လာတာလဲ၊ လူက အိမ်မရောက်သေးဘူး သ တင်းက ကြားနေရပြီ ... ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်နေတာလား ... ဟင် အပြင်မှာ ပြဿနာရှာချင်တိုင်း ရှာလို့ အားမရသေးဘူး ... အခုအိမ် ကိုပါ ပြဿနာ လာရှာနေတယ်"

"ဟွန်း ... ဒါကတော့ ပြဿနာထုပ်က အိမ်မှာ ရှိနေတာကို "

"ဘာပြောလိုက်တယ် ... တော်တော်ဆိုးနေပါလား ညရိပ် ... အခုလဲ ရပ်ကွက်ထဲမှာ သမီးဘာတွေလုပ်ခဲ့လဲ"

"ဒယ်ဒီ သိပြီးသားပဲ ဘာလို့ ညကို လာမေးနေရတာလဲ ..."

"ဘာ ..."

ဒယ်ဒီရဲ့ မျက်နှာကြီးမှာ ဒေါသစိတ်ကြောင့် နီရဲနေသည် ။ ညက လည်း ဖြေရှင်းဖို့ အတွက် စိတ်ကူးမရှိပေ။ ဒယ်ဒီမျက်နှာ နီရဲနေသလို ဘေးမှ ဒေါ်နှင်းဆီကလည်း မျက်နှာငယ်နှင့်။ ညလဲ ဂျစ်ကန်ကန် ပုံစံ ဖြင့် ရပ်နေမိသည် ။

ဒယ်ဒီက သက်ပြင်း အကြိမ်ကြိမ်ချပြီးမှ ...

"ညရိပ် ... သမီးဘာလို့ ဒီလောက်တောင် ဆိုးနေရတာလဲ ... ဒီနှစ် သမီး၁၇တန်းလေ အရေးကြီးနေပြီ ... တစ်နေ့တစ်နေ့ စက်ဘီးတစ်စီးနဲ့ ကျူရှင်လိုလို ဘာလိုလိုနဲ့ ပြဿနာ ရှာနေတာတွေ ရပ်သင့်ပြီ ... ဒယ်ဒီ သမီးငယ်လေးအပေါ် ဘာတွေ ပျက်ကွက်ခဲ့တာရှိလဲ ... သမီးမျက်နှာ တ

စ်ချက်အညှိုးမခံဘဲ ဒယ်ဒီ အားလုံးလုပ်ပေးတယ် ... အဲ့ဒါကိုသမီးက လိမ်လိမ်မာမာ နေပါတော့လား ... အခုတော့ ညည်းကြောင့် ဒယ်ဒီ့မှာ တစ်ရက်လေးမှ စိတ်မအေးဘူး ..."

ဒယ်ဒီရဲ့ စကားတွေကြောင့် ည ရင်နာရပါ၏။ ညနဲ့ ဒယ်ဒီရဲ့ အဆင်မပြေခြင်း တွေက မေနှင်းဆီဟူသော မိန်းမကို အိမ်ပေါ်ခေါ်တင်ထဲက ဖြစ်မည် ထင်သည် ။ ရောက်လာထဲက ဒယ်ဒီ့ထံမှ မာမီပင် မရနိုင်သော အခွင့်အရေးတွေကို ရနေသော ထိုမိန်းမအား မုန်းတီးတာ ညအမှားလား ...

"ဟင့်အင်း ... ညလိုချင်တာ အဲ့ဒီစည်းစိမ်ဥစ္စာတွေမှ မဟုတ်ဘဲ ... အဲ့ဒါတွေ ညမလိုချင်ဘူး ..."

သူမ ခပ်ဆတ်ဆတ် အသံဖြင့် အော်လိုက်မိသည် ။ မလှမ်းမကမ်းမှာ ထိုင်နေသော ဒေါ်မေနှင်းဆီထံ အကြည့်စူးစူးတို့ က ရောက်သွားရင်း ...

"ည လိုချင်တာ မာမီ့ကို ... မာမီ့ကိုပဲ ညပြန်လိုချင်တယ် ဒယ်ဒီ ..."

"အဓိပ္ပယ်မရှိတာ ... ဘာလို့ မဖြစ်နိုင်တာတွေ ပြောနေတာလဲ ည ရိပ်ရင်ခွင် ... သေသွားတဲ့ လူတစ်ယောက်ကို ငါကဘယ်လို ပြန်ရှင်အောင် လုပ်ပေးရမှာ လဲ ..."

"အဟွန်း ... ဒယ်ဒီက ရှင်အောင်တော့ မလုပ်နိုင်ပါဘူး ... ဒါပေမဲ့ မာမီ သေအောင် ဒယ်ဒီ သတ်တာ ..."

"အို ... သမီး"

"ဘာပြောတယ် ..."

ဒယ်ဒီနဲ့ ဟိုမိန်းမရဲ့ အသံက ပြိုင်တူ ထွက်ပေါ်လာသည် ။ ရင်ထဲရှိ သမျှ ဖွင့်ချလိုက်မှ နေသာထိုင်သာရှိသော ညကလည်း စကားလုံးတို့ ကို

စာစီထားရင်း ...

"ဟုတ်တယ် ... မာမီသေတာ ဒယ်ဒီကြောင့် ... ဒယ်ဒီသာ ဒေါ်မေနှင်းဆီနဲ့ မဖောက်ပြန်ခဲ့ဖူးဆိုရင် မာမီစိတ်ဆိုးပြီး အိမ်ကထွက်သွားမှာ မဟုတ်သလို ကားတိုက်မှာ လဲ မဟုတ်ဘူး ... အားလုံးက ဒယ်ဒီကြောင့် ..."

"တော်စမ်း ညရိပ် ..."

"မတော်နိုင်ဘူး ဒယ်ဒီ ... ညရိပ် ရင်ခွင်ရဲ့ ဘဝမှာ မာမီဆိုလို့ ဒေါ်နဲ့သာ တစ်ယောက်ပဲ ရှိတယ် ... နောက်ထပ် ဘယ်သူကိုမှ မာမီ့နေရာမှာ မထားနိုင်ဘူး ... ဒယ်ဒီ့ ရင်ဘတ်ထဲမှာ တော့ အရင်ထဲက မာမီဆိုတာ မြူမှုန်တစ်မှုန်လောက်မှ မရှိခဲ့တာ ..."

"တော် ... တော်ပါတော့ ... အ ..."

"အစ်ကို ..."

ရင်ဘတ်ကိုဖိကာ မယုံကြည်နိုင်သော အကြည့်တို့ နဲ့ ညကို ကြည့်နေသော ဒယ်ဒီ ... ဒယ်ဒီ့ မျက်ဝန်းတွေမှာ ဆို့နင့်မှု တို့ ဖြင့် ပြည့်နှက်နေသည် ။

ဒယ်ဒီရယ် ... ညရင်ထဲက နာကျင်မှုတွေကိုလဲ တစ်ချက်လောက် ဝင်ကြည့်ပေးပါ ... ညရင်ထဲက အတိုင်းမသိ နာကျင်မှုတွေကိုလေ ...

"အစ်ကို စိတ်ထိန်းပါ ... ညရယ် ... မေလေး တောင်းပန်ပါတယ်နော် ... ညဒယ်ဒီကလေ ညလေးကို ကောင်းစေချင်လို့ ဆုံးမတာပါကွယ် ... သမီး ဒယ်ဒီကလည်း စိတ်ထိခိုက်ခံလို့ မရတာ သိရက်နဲ့ ..."

"ရတယ် နှင်းဆီ ... ကိုယ်ဘာမှ မဖြစ်ဘူး ... ကဲ ... သမီး ကျူရှင်က ပြန်တာလား မဟုတ်လား ... နားတော့"

ဒယ်ဒီအမိန့်ရတော့ သူမအားလုံးကို ကျောခိုင်းခဲ့ကာ ဦးတည်ရာက အခန်းရှိရာ ... အခန်းထဲရောက်မှ လွယ်အိတ်ကို ပစ်ချရင်း အိပ်ယာပေါ် ဝုန်းခနဲ လှဲချပစ်လိုက်သည် ။ ရင်ထဲမှာ နာကျင်နေတာက အတိုင်းဆမဲ့ ပါ။ တစ်ယောက်ယောက် ရင်ခွင်ထဲဝင်ကာ ငိုလိုက်ရင် သက်သာမှာ ပေမဲ့ ညက မငိုတတ်ပေ။

ရင်ထဲမှာ နာကျင်နေရင်တောင် မျက်ရည်က မကျတတ်တော့ ... ခက်လှ၏။ မျက်လုံးတို့ ကို စုံမှိတ်လိုက်မိတော့ မျက်ရည်နှင့် သွေးတို့ ရွှဲနေသည့် ပုံရိပ်က ပေါ်လာပြန်သည် ။

"လွမ်းတယ် မာမီရယ် ... ဘာလို့ ညကိုပါ မာမီနဲ့ အတူ မခေါ်သွားခဲ့ ရတာလဲ"

ညသာ ငိုတတ်ခဲ့ရင် သူမ ခေါင်းအုံးလေးက မျက်ရည်တို့ ဖြင့် စိုရွှဲနေ ပေမည်။ အခုတော့ မရှိတော့သော ရင်ခွင်ကို တမ်းတရင်းဖြင့် အိပ်မက် ဆိုးထဲမှာ ညတစ်ယောက်ထဲ ...။

***

ကားကိုပေါ်တီကို အောက်ရပ်လိုက်သည် နှင့် ဆူလောင်စွာ ကြားလို က်ရသော သီချင်းသံကြောင့် ရန့်ရင်ထဲ မောသွားသည် ။ လူဆိုးမလေး ဘာတွေ ရစ်နေပြန်ပြီလဲ မသိပေ။ သူမအိတ်ကလေးနှင့် duty coat လေးကို ယူရင်း ကားပေါ်မှ ဆင်းလိုက်သည် ။

"ဟော ... သမီးတောင် ပြန် လာပြီ "

"ဦးမိုးရေ ... အိမ်မှာ လဲ ဆူညံလို့ ပါလား ထုံးစံအတိုင်း ဖြစ်ပြန်ပြီ ပေါ့ "

"ဟင်း ... ဟုတ်ပ့ါ ထုံးစံအတိုင်းပဲပေါ့ သမီးရယ် "

ခြံစောင့်ကြီး ဦးမိုးတောင် ဒီအိမ်အကြောင်း သိနေပြီဖြစ်သည် ။ ရန်နံ့ ဆေးရုံမှ ပင်ပင်ပန်းပန်း ပြန်လာခဲ့ပေမဲ့ အိမ်ရောက်သည် နှင့် အမောလဲ မပြေဘဲ ပို၍ ပင် မောနေလေသည် ။

"ညီမလေးဘာတွေ ဖြစ်နေပြန်ပြီလဲ မသိပါဘူး ..."

"ဦးကြီးလဲ မသိပါဘူး ... ရန်နံ့လေးရယ် ... ကလေး ကျောင်းက ပြန်လာပြီးထဲက ဝုန်းဒိုင်း ကြဲနေတော့တာပဲ ..."

"ရန်နံ့သွားကြည့် လိုက်ဦးမယ် ...

ရန်နံ့ အပေါ်ထပ်အား လျင်မြန်စွာ တက်ခဲ့သည် ။ သူမလေး ဖွင့်ထားသော သီချင်းသံကတော့ အလွန်ကျယ်စွာ ကြားနေရ၏။ သီချင်းသံကို ကြားလိုက်ရသည် နှင့် သူမလေး၏ ဒေါသအရှိန်မှာ နည်းမည်မဟုတ်ကြောင်း ခန့်မှန်း မိလိုက်သည် ။

အခန်းရှေ့ ရောက်တော့ မေလေးနှင့် မိအေးတို့ မှာ မျက်စိမျက်နှာပျက်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြသည် ။ အထူးသဖြင့် မေလေးရဲ့ မျက်နှာမှာ ညိုးနေတော့ ရန်နံ့ အခြေအနေကို အကဲခတ် မိလိုက်ပါ၏။

"ဝုန်း ..."

"ဒုန်း ..."

"ခလွမ်း ..."

"ညလေး ... ကလေးရေ ... တံခါးခဏဖွင့်ပါဦး ... မေလေး ရှင်းပြမယ် ... ညထင်တာတွေ မှားနေပြီနော်"

"အား ... ဘာမှ လာမရှင်းပြနဲ့ ... ရင်ထဲမှာ ပန်းတွေ ပွင့်နေတာ မ

ဟုတ်ဘူး နော် … ဘယ်သူ့ကို ဒေါသထွက်ရမှန်းကို မသိတော့တာ … ဘာလဲ … အလကား … လူကြား ကောင်းအောင် လာလုပ်ပြမနေနဲ့ … ညရိပ်ရင်ခွင် တို့ က ဒယ်ဒီလို လေပြေလေးနဲ့ ပျော့မှာ မဟုတ်ဘူး …"

လုံးထွေးနေသည့် ဒေါသသံလေးက အခန်းအပြင်ကို ပျံ့လွင့် လာလေသည်။ အခန်းထဲမှ ပစ္စည်းကွဲသံများ လဲ ကြားရမြဲ ဖြစ်သည်။

"မေလေး … ဘာတွေဖြစ်နေတာလဲ ဟင်"

"ဟယ် … သမီး ရန့် … လုပ်ပါဦး ရန့်ရယ် …"

လရိပ်ရန့်ကို မြင်သည် နှင့် အားကိုးရိပ် စွန်းနေသော မျက်ဝန်းများမှာ အထင်းအသား …

"ဒီနေ့ ညရိပ်က သူ့ကိုကျောင်းစောစော လာကြိုပေးဖို့ အစ်ကို့ကို မှာထားတာ … ဒါပေမဲ့ အလှူတစ်ခုက ဖိတ်လို့ မေလေးနဲ့ အဲ့ဒီကို အရင်သွားလိုက်ရတယ် … အဲ့ဒါ ညကို ကျောင်းကြိုဖို့ ဦးဘထူးကို လွှတ်လိုက်မိတာ …"

"အဲ့ဒါနဲ့ ဒီကောင်မလေး စိတ်ဆိုးပြီး ပြဿနာရှာတယ် ဆိုပါတော့ … ဖေဖေလာရင် ဒီကောင်မလေးတော့ တွေ့ဦးမယ် …"

"အို … မဟုတ်တာ အစ်ကိုနဲ့ မတိုင်ပါနဲ့ ကလေး မေလေးအပေါ် တစ်မျိုးထင်သွားရင် ဘယ်ကောင်းမလဲ"

သူမ မေလေးကို အသနားပိုစွာပင် ကြည့်နေမိတော့သည်။ တကယ်တမ်း စဉ်းစားကြည့်မည်ဆိုလျှင် သနားစရာကောင်းသည့် ရန့်၏ မိထွေးဒေါ်မေနှင်းဆီ …

မေလေး ဒီအိမ်ရောက်တဲ့ အချိန်က စပြီးဘယ်မှာ စိတ်ချမ်းသာခဲ့ရလို့ လဲ … မိထွေးဆိုပေမဲ့ တခြားမိထွေးတွေလို မဟုတ်ဘဲ အမေအရင်း

လို သူမတို့ အပေါ် ကြင်နာဂရုစိုက်သည် ။

ဒါပေမဲ့ ရန့်ရဲ့ ညီမလေး ညက ငယ်ရွယ်သူမို့ မိထွေးဆိုသည့် အမြင်နှင့် အမြဲပြဿနာ ရှာတတ်တော့ ခက်သား ...

"ဟင်း ... ဟုတ်ပါပြီ ... ရန့် ညလေးကို ချော့လိုက်ဦးမယ်"

ထိုအခါမှ ဒေါ်မေနှင်းဆီ မျက်နှာလေး ဝင်းပသွားကာ ...

"ကျေးဇူးပါပဲ ... ရန့်ရယ် ... သမီးလည်း ကျောင်းကပြန်လာတာ မနားရဘူး ... ပေးပေး ... ဒီအိတ်တွေ မေလေးကိုပေး ... ချော့ပြီးရင် ခဏနားပြီးမှ ရေချိုးနော် ... သမီး အပူရှပ်နေမယ် ..."

ရန့် လက်ထဲမှ အိတ်တွေကိုယူကာ အလုပ်ရှုတ် နေတော့သည် ။

"ဩော် ... ခဏနေ ... သမီးလန်းသွားအောင် သံပုရာရည် ဖျော်ပြီး မိအေးနဲ့ လာပို့ခိုင်းလိုက်မယ် ... ညရိပ်လေး အတွက်ပါ ပူတင်းတွေ လုပ်ထားသေးတယ်"

ပွစိပွစိ ပြောကာ ထွက်သွားသော မေလေး၏ ကျောပြင်ကို ကြည့်ရင်း ရန့်သက်ပြင်း တစ်ချက်သာ ချလိုက်မိတော့၏။ ဒီပုံစံလေးတွေကြောင့် ဖေဖေ မေလေးကို ချစ်မြတ်နိုးနေတာ ဖြစ်ရမည်ဟု တဆက်တည်း တွေးလိုက်မိရင်း ...

"ဟွန်း ... အလကား ... ဒယ်ဒီရှေ့မှာ အမှတ်ရအောင် အပိုတွေလုပ်နေတာ ..."

ညတစ်ယောက် သူမ၏ မျက်နှာလှလှလေးကို မဲ့ရွဲ့ကာ ပြောနေမည့်ပုံကို မြင်လိုက် မိလိုက်သေးသည် ။

"ဒေါက် ... ဒေါက် ..."

"ညလေး ... ညရိပ်လေး .... မမပြန်ရောက်ပြီ တံခါးဖွင့်ဦး ... ညီမလေးက လိမ္မာပါတယ်"

ခဏကြာမှ ပွင့်လာသော တံခါးနဲ့ အတူ ချစ်ညီမလေးရဲ့ မျက်နှာလှလှလေးက ပေါ်ထွက်လာတော့သည် ။ ထိုမျက်နှာလေးမှာ တော့ အလိုမကျခြင်းများ နှင့်။

"ဘာလဲမမ ... ဘာတွေလာ တရားချဦးမလို့ လဲ ..."

"မချပါဘူး ညရယ် ... မမက ညနားလည်အောင် ပြောချင်တာ ... မေလေးကိုအရမ်း ဂျစ်မတိုက်ပါနဲ့ လား ... ပြီးတော့ ဖေဖေကလည်း နှလုံးရောဂါ ရှိနေတယ်လေ ...

မမညီမလေးက လိမ်မာရဲ့ သားနဲ့ ကွာ ..."

"အဟွန်း ... ဘာလဲ ဟိုမိန်းမကြီးက တိုင်လိုက်တယ်ပေ့ါလေ ... ညကဘယ်တော့မှ ဒယ်ဒီ့ရဲ့ ဦးစားပေးထဲမှာ မပါဘူးဆိုတာ သိပါတယ် ... အခုလဲ ဒီလိုပဲ"

"ဟောကြည့် ... ပြောနေရင်းကနေ ညီမလေးရယ် ... ဒယ်ဒီ့ကို အရွဲ့တိုက်တာတွေလဲ လျှော့ပါဆို ..."

ရန့်မှာ သာ အာပေါက်မတက် ပြောနေရသည် ။ သူမလေးကတော့ ခပ်အေးအေးပင်။ ညရိပ် မမြင်အောင် သက်ပြင်းတစ်ချက်ကို ချပြီးမှ ...

"ကြည့်စမ်း ... အခန်းတစ်ခုလုံးလဲ ရှုပ်ပွနေတာပဲ ... ပန်းအိုးတွေလဲ ခွဲပစ်ပြန်ပြီ ... ဒီကောင်မလေးနဲ့ တော့ ခက်ပါတယ်။ ကဲ ... ဒေါ်ညရိပ်ရင်ခွင် ဒီကုတင်ပေါ်မှာ ငြိမ်ငြိမ်လေး ထိုင်နေတော်မူပါ ... မမ ဒီပန်းအိုးတွေ ရှင်းလိုက်ဦးမယ် ..."

စာကြည့်စားပွဲပေါ် ချထားသော စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်ရင်း

...

"ရော့...Bio ကျက်နေ ညလေး ... အချိန်ဆိုတာ အလကား မထားရဘူးတဲ့ စာမေးပွဲက နီးနေပြီ ... ကိုယ့်ကိုယ်ကို ၁၀တန်းဆိုတာလဲ မမေ့နဲ့ဦး"

ရန့်ပြောရင်းဆိုရင်း ဖန်ကွဲစများအား သိမ်းဆည်း နေလိုက်သည် ။ ပြီးတော့ ကြမ်းပြင်ပေါ် ရှုပ်ပွနေသော အရုပ်များအား တစ်ခုချင်း နေရာချရပြန်၏။

"မမ ... ည ကိုချစ်လားဟင်"

ရုတ်တရတ် ထွက်လာသော အသံလေးကြောင့် အလုပ်နဲ့ လက်မပြတ်သည့် ကြားက ပြုံးလိုက်ရင်း ...

"အိုး...ချစ်တာပေ့ါ ပြေးကြည့်မှ ဒီညီမလေး တစ်ယောက် ရှိတာကို"

"အဟွန်း ... ညလဲ မမကို အရမ်းချစ်တယ် ... ဒါပဲနော် ညထက် ဘယ်သူ့ကိုမှ ပိုမချစ်ရဘူး"

သူမလေးက တစ်ခါတစ်ခါ ဒီလိုလဲ ကလေးဆန် တတ်ပြန်သည် ။

"မချစ်ပါဘူး ညီမလေးရယ် ..."

ည အခန်းလေး တစ်ခုလုံး ရှင်းပြီးသွားတော့ ညနေတောင် စောင်းနေလေပြီ။

"ဟူး ... ပြီးသွားပြီ .... ကဲ ... ညလေးရေ ... စာတစ်ပုဒ် ရပြီလား ပြော ... ဟင်"

စကားဆုံးရုံ ရှိသေးသည် ။ ကုတင်ပေါ်မှာ စာအုပ်ကို မျက်နှာပေါ် တင်ရင်း အိပ်ပျော်နေသောည ...

"အဟွန်း ... သူ့ကို အိပ်ခိုင်းလိုက်တဲ့ အတိုင်းပဲ"

မျက်နှာပေါ်က စာအုပ်လေးကို နေသားတကျ ပြန်ထားလိုက်သည် ။ အခုချိန်မှာ ညကတော့ ဂျစ်ဂျစ်ကန်ကန် အရာများ ပျောက်ကွယ်ကာ အေးချမ်းစွာ အိပ်ပျော်နေလေသည် ။

မျက်နှာပေါ်ကျနေသော ဆံပင်ပျော့ပျော့ လေးများကို အသာဖယ် ပေးရင်း ...

"ညရင်ထဲက ဒဏ်ရာတွေ အမြန်ဆုံး ပျောက်ပါစေလို့ မမဆုတောင်း နေပေးမယ် ... ညလေးရယ်"

ရန့်တစ်ယောက် စကားတွေ အများကြီး ပြောဖြစ်ခဲ့ပေမဲ့ သူမလေး ကတော့ အိပ်ပျော်နေဆဲ ...။

***

"ဟေ့ကောင်တွေ ... ဖြည်းဖြည်းချပါကွ"

"ဟုတ်တယ် ... ဒီဘက်ကို ... ဒီဘက်ကို နည်းနည်းကပ်ပေး"

"ငသန်း ... ကားပေါ်က ပစ္စည်းတွေ တခါထဲ သယ်ခဲ့လိုက်တော့"

"ဟာ ... မောင်ရင်တို့ ဒီပန်းအိုးတွေ မကွဲစေနဲ့ ကွာ ... ပန်းအိုးကွဲရင် လူလေး စိတ်တိုနေလိမ့်မယ် ... သေချာမကြေပါ"

"သစ်ခွတွေက ဒီဘက် ... ဟုတ်ပြီ"

နံနက်စောစောစီးစီး အိပ်ကောင်းနေဆဲ ကြားလိုက်ရသော ဆူညံသံ၊ ကားသံ၊ လူသံများကြောင့် ညတစ်ယောက် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုး လာရသည် ။ နာရီကို ကြည့်မိတော့ မနက်၆နာရီသာ ရှိသေးသည် ။

"ကျစ် ... ဘာသံတွေလဲ၊ ဘာတွေ ဒီလောက် ဆူညံနေရတာလဲ ...

ညအိပ်နေတုန်း ဆူညံသံကို အမုန်းဆုံးဆိုတာ သိရဲ့ သားနဲ့ ..."

နားနှစ်ဖက်ကို ခေါင်းအုံးနဲ့ ပိတ်ကာ ကြိုးစား အိပ်သော်လည်း မရ။

"မနက်စောစောစီးစီး တော်တော် အလိုက်ကန်းဆိုး မသိတဲ့ လူတွေပဲ"

အသံတွေမှာ ကြားနေရဆဲဖြစ်ကာ ဘယ်လိုမှ ဆက်အိပ်ရန် မဖြစ်နိုင်တော့။ စိတ်ထဲမှာ တော့ နည်းနည်းလေးမှ မကျေနပ်ပေ။ အိပ်ရာမှ ကုန်းရုန်းထကာ သူမ အခန်းဝရံတာဆီ ထွက်လာခဲ့လိုက်သည် ။ မျက်ဝန်း များကလည်း ဆူညံနေသော အသံများကို ကြည့်မိသွား၏။

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမနှုတ်ခမ်းလေးများ ဖွင့်ဟသွားသည် ။

"ဟိုဘက်ခြံက လူတွေ ပြောင်းလာကြတာပဲ ... ဟင့် ... အရမ်းလှတဲ့ အိမ်ကြီးမှာ ပိုင်ရှင် ရှိသွားပြီပေါ့လေ"

ညရင်ထဲ ဝမ်းနည်းသလို ဖြစ်သွားသည် ။ တခြားမဟုတ်ပေမဲ့ တစ်ဖက်ခြံက ညခူးနေကျ မာကလာပင်ကိုတော့ နှမြောမိသား။

"ဟင်"

ရုတ်တရက်မြင်ကွင်းထဲ တိုးဝင်လာသော လူတစ်ယောက်။ လူအများကြားမှာ သူက ထင်းနေသည် မှာ နုဖြူသော အသားအရေကြောင့်လား မသိပေမဲ့ ... အဝေးက ကြည့်တာတောင် တော်တော်ချောမှန်း သိသာလှသည် ။ ပန်းအိုးတွေကို မထိရက် မကိုင်ရက် ဖြစ်နေပုံက ညအတွက်တော့ ရယ်ချင်စရာ ဖြစ်နေ၏။ သူကညနဲ့ တော့ အသက်ရွယ်တူ ဖြစ်နိုင်လေသည် ။

ရုတ်တရက် သူ့အကြည့်တို့ က ညရှိနေသော ဝရံတာဆီသို့ အရောက်

... မျက်လုံးချင်း ဆုံသွားသည့် တခဏ ချက်ခြင်းကြီး မျက်မှောင်ကြုတ်ကြည့်သော ပုံစံက အမြင်ကတ်ချင်စရာ။

ဘာကြောင့်မှန်းမသိဘဲ ညအခန်းထဲသို့ လှစ်ခနဲ ပြေးဝင်မိသည် ။

"ယောကျ်ားလေးဖြစ်ပြီး ဒီလောက်တောင် ချောနေတာ မုန်းချင်စရာပဲ ..."

အတွေးတို့ ကို မောင်းထုတ်ရင်း ရေချိုးခန်းထဲ အမြန်ဝင်လိုက်ပေမဲ့ တစ်ဘက်ခြံက မာကလာပင်ကြီးကိုတော့ ညမျက်လုံးထဲက မထုတ်နိုင်တော့ပါ။

***

"ချစ်ခြင်းရင်ခွင် ဂေဟာ"

လင်းသောကြယ်သည် လက်တစ်ဖက်က ဖိတ်စာကို ကိုင်ရင်း တစ်ဖက်ခြံမှ ဆိုင်းဘုတ်ကို ဖတ်မိလိုက်သည် ။ ဘယ်လောက်လှတဲ့ နာမည်ပါလိမ့် ... သူတို့ က ပြောင်းလာတာ သိပ်မကြာ သေးသည် မို့ ဒီရပ်ကွက်နဲ့ စိမ်းနေသေးသည် ။ အခုလဲ မာမီက အိမ်တက်ပွဲလုပ်ရန် ဖိတ်စာ ပေးခိုင်းတာမို့ တစ်ဖက်ခြံရှေ့ ရောက်နေခြင်း ဖြစ်သည် ။ လူခေါ်ဘဲလ်ကို နှိပ်နေပေမဲ့ ခြံထဲမှာ လူတစ်ယောက်မှ ရှိမနေပါ။ ခဏအကြာမှ အဖြူရောင် အရိပ်လေး တစ်ခုက ပေါ်ထွက်လာကာ ...

"သော့ခေတ်မထားဘူး ... ဝင်ခဲ့လို့ ရတယ်"

ခပ်ဆတ်ဆတ် အသံကြောင့် အထဲဝင်ရန် ပြင်နေသည့် ခြေလှမ်းတို့ တုံ့သွားရလေသည် ။ ကိုယ့်အိမ်ထဲဝင်ရန် ဖိတ်ခေါ်တဲ့ လေသံက တစ်စက်လေးမှ အချိုးမပြေ။

ဘယ်လိုဟာလေးပါလိမ့် ... သစ်ပင်အောက် သစ်သားစားပွဲလေးမှာ

သူမက ဂစ်တာတစ်လက်နှင့် ဝင်ထိုင်နေလေသည် ။

"ဒီမှာ ချာတိတ် ... မင်းအိမ်မှာ လူကြီးတွေ မရှိကြဘူးလား"

"ဘာ ..."

"ဒေါင်"

တအံ့တဩ အသံနှင့် လက်ထဲမှ ဂစ်တာကို ပစ်ချလိုက်သံက တစ်ပြိုင်ထဲ ထွက်ပေါ်လာသည် ။ နှုတ်ခမ်းတို့ မှာ ညို့ရီနီမြန်းနေကာ မျက်ခုံးလေး နှစ်ဖက်မှာ တန်းနေလေသော သူမ ... ဆံပင်တို့ က ပျော့ပြောင်းနေကာ ဂုတ်တဝိုက်အုပ်အုပ်လေး ဖြာဆင်းသွားသည် ။ အရာအားလုံး လှနေပါလျက် ဂျစ်ကန်ကန် ပုံစံကထင်းနေ၏။

"ချာတိတ် ... ဟုတ်လား ... ချာတိတ်ပဲ ထားပါတော့ ... ခင်ဗျားက ဘယ်သူနဲ့ တွေ့ချင်တာလဲ ..."

"အဲ့ဒီသဘောပြောတာ မဟုတ်ပါဘူး ... ငါက ဟိုဘက်ခြံမှာ နေတယ် ပြောင်းလာတာ မကြာသေးဘူး ... မာမီက အိမ်တက်အတွက် ဖိတ်စာပေးခိုင်းလိုက်လို့ "

လင်းသော ရှင်းပြနေတာတောင် သူမရဲ့ ဂျစ်ကန်ကန် အကြည့်တို့ က နေရာမရွေ့သေးပေ။ ရုတ်တရက် အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရသည် ။

"ဟာ ..."

"ဝုတ် ... ဝုတ်"

အသံကြောင့် သူကြည့်မိလျှင် သူ့ထံသို့ တစ်ရှိန်ထိုး ပြေးလာသော အယ်ဖေးရှင်း ခွေးကြီးတစ်ကောင်။ အစွယ်ဖွေးဖွေးနဲ့ ဒီအကောင်ကြီး

လက်ချက်မိရင်တော့ သူအကောင်းအတိုင်း ကျန်မှာ မဟုတ် ... ခွေးကြီး က အရမ်း နီးကပ် လာပြီမို့ သူဘယ်လိုမှ ရှောင်လို့ မရတော့။

ခွေးက ခုန်အအုပ်မှာ သူပက်လက်လန်လဲ ကြသွားသည် ။

"ဟိတ် ... ဂျက် ... ရပ်လိုက်စမ်း"

သူမအသံကြားတာနဲ့ ခွေးကြီးက သူ့မဟုတ်သည့်အတိုင်း ချက်ခြင်း ရပ်သွားသည် ။

"အဟွန်း ...နင်တော်တယ် ဂျက် ... ဒီညအမဲရိုးနဲ့ ပြုစုမယ် သိလား"

ကြည့်စမ်း ... ဒီကောင်မလေး သူ့ကိုတောင် တစ်ချက်လေးမှ မကြည့်ပါလား 'တော်တော် အကြင်နာတရား မရှိတဲ့ ကောင်မလေး' ဟု တဆက်တည်း တွေးမိရင်း ဒေါသတွေ ထွက်လာရ၏။'ဘယ်နားနာသွားလဲ'လို့ တစ်ချက်လေးမှ မေးဖော်မရ ... သူမကို ပထမဆုံး တွေ့တွေ့ခြင်းမှာ ပင် မုန်းမိသွားသည် ။

"ဟယ် ... ခွေးကိုက်မိတာလား ... ဘာဖြစ်သွားသေးလဲ ဒုက္ခပါပဲ"

ရတ်တရတ် ချိုကြည်လှသော အသံလေးက နားထဲ တိုးဝင်လာသည် ။ အသံပိုင်ရှင်ကို ကြည့်မိတော့ သူ့ရင်ထဲ အေးချမ်းသွားကာ ငေးခနဲ ဖြစ်သွားရသည် ။ ဖြူဝင်းသော မျက်နှာက အပြစ်ကင်းစင်နေကာ တင်ပါးမရှိတရှိ ဆံနွယ်တို့ နှင့် အလွန် ကြည့်ကောင်းလှ၏။ သူ့ကိုလဲ လက်တဖက်ဖြင့် ကြင်နာစွာ ဆွဲထူပေးရင် ...

"ဘယ်နား နာသွားသေးလဲ မောင်လေး ... ညရယ် ... ဂျက်ကို သေချာကြိုးချည် ထားတာ မဟုတ်ဘူး ... ခုတော့ ကိုက်မိပြီလား မသိဘူး"

ဘေးမှ မယ်မင်းကြီး မလေးကတော့ သူအားရှိသည် မထင်ဘဲ သူမ

ခွေးကိုသာ ပွတ်သတ်နေသည် ။ လင်းသောကြယ် တစ်ယောက် မမရဲ့ မျက်နှာလှလှလေးအား ကြည့်ရင်းဒေါသများ မေ့ပျောက် သွားသလိုပင်။

"ဂျက်က မကိုက်ရသေးပါဘူး ... အဲ့ဒီလူက အကြောက်လွန်နေတာ ... လာ ... သွားကြမယ် ဂျက်"

"ဘာ ...."

"Sorry ပါ ... ညကို စိတ်မဆိုးပါနဲ့ နော် မင်းဘာဖြစ်သွားသေးလဲ"

"ခွေးမကိုက်မိပါဘူး မမ ... တံတောင်ဆစ် နာသွားတာ"

"ဟယ် ... ဟုတ်ပါရဲ့ ... သွေးတွေထွက်နေပြီ ... ဒါနဲ့ မင်းကဒီကို ဘာကိစ္စ ...."

"ဩော် ... ကျွန်တော်က ဟိုဘက်ခြံကပါ ... အိမ်တက်အတွက် မမတို့ ကို ဖိတ်စာ လာဖိတ်တာ"

"ဟုတ်ပြီ ... ဖိတ်စာ ထားခဲ့လိုက်ပါ မင်းအိမ်က လူကြီးတွေကိုလဲ လာခဲ့ပါ့မယ်လို့ ပြောလိုက်နော်...မမ မင်းကို ဆေးထည့်ပေးမယ် ..."

'ဗျာ... ဟို ... မမ ကျွန်တော်"

"အဟွန်း ... ဘာလဲ မင်းကကြောက်လို့ လား ... တို့ က ဆေးကျောင်း နောက်ဆုံးနှစ်ကပါနော် ... ဘယ်လိုလဲ ... ဆေးထည့်ပေးလို့ ရပြီလား ... ကိုယ်တော်"

သူမရဲ့ အပြုံးချိုချိုလေးက သူ့ဒဏ်ရာတွေကို သက်သာစေသည် ။ ဒဏ်ရာရပြီး ပြန်လာရပေမဲ့ သူ့ရင်ထဲ အေးချမ်းနေ၏။ ထိုအချိန်က ဆံပင်ရှည်လေးနဲ့ ကြင်နာတတ်သော မမသည် သူ့နှလုံးသားထဲ တစ်စတစ်စ ဝင်ရောက် လာခဲ့လေသည် ။

***

# အပိုင်း (၃)

"တကယ်ပြောတာ မာမီ ... အဲ့ဒီကောင်မလေးက ဘယ်လိုလေးမှန်း မသိဘူး ... ပုံစံကိုက ဂျစ်ကန်ကန် မာဆတ်ဆတ်နဲ့ ... ကျွန်တော် ကြည့်မရဘူး ..."

"ဟယ် ... သားရယ်"

လင်းသော်ကြယ်က လက်ထဲက သောက်လက်စ coffeeခွက်ကိုပါ မြင်တော့သည့်ပုံမရဘဲ မနေ့ကအဖြစ်ကို ပြန်မြင်ယောင်ရင်း ရှူးရှူးရှဲရှဲ ဖြစ်သွားသည် ။ ဒေါ်ပန်းသီ ကတော့ သားဖြစ်သူကို ကြည့်ကာ တအံ့တသြ ရှိလေသည် ။

အံ့ဩဆို လင်းသော်ကြယ် ဟူသော မာနခပ်ကြီးကြီး ကောင်လေး တစ်ယောက်နှုတ်က ဝေဖန်သံ ကြားဖူးတာ ဒါပထမဆုံး။ ဦးနေလင်း ကတော့ စကားဝိုင်းထဲ ဝင်မပါဘဲ နားထောင်သူသာ လုပ်နေ၏။

"နောက်တစ်ခါ အဲ့ဒီအိမ်ဘက် ကျွန်တော့်ကို မလွှတ်နဲ့ မာမီ ... လူကိုခွေးတစ်ကောင် လောက်တောင် အဖတ်မလုပ်ဘူး ... ဟိုမမစိတ်ထားလေး ကောင်းသလောက် အဲ့ဒီကောင်မလေးက တကယ် အချိုးမပြေဘူး ..."

"ဟားဟား ... မေကြီးရေ သူ့ကိုဦးစားပေးမှ ကြိုက်တဲ့ မင်းသား ဒီ

တစ်ခါတော့ ခံလိုက်ရပြီ"

ဒယ်ဒီ ဦးနေလင်းရဲ့ တဟားဟား အော်သံနောက်မှာ သူ့မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား၏။

"အဟင်း ... ဟုတ်မယ် ဖေကြီးရေ ဘာပဲဖြစ်ဖြစ်သားရယ် ... အိမ်နားနီးချင်းတွေ ဆိုတော့ အဆင်ပြေအောင်နေပါ ... မာမီလဲ ဒီမနက် ရွှေစာနဲ့ အတူ ဈေးကိုလိုက်သွားတာ ... အဲ့ဒီအိမ် အကြောင်းတွေ ပြောနေကြတာများ စုံလို့ ... သြော် ... ဖေကြီးရေ ကြက်သားသည် ကတောင် ပြောလိုက်သေးတယ် ... ကျွန်မတို့ ကိုလဲ သတိထားနေပါတဲ့ အဲ့ဒီအိမ်က သမီးငယ် ဘယ်လောက်ဆိုးကြောင်း ပြောနေလိုက်တာများ ကျွန်မအမြန် စကားဖျက်လာရတယ် ... ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သူများအကြောင်း အတင်းပြောတာ မကြိုက်ပါဘူး"

မာမီက သူ့ဆန္ဒကိုပါ ပြောလေတော့ လင်းသော စိတ်ထဲ ဂျစ်ကန်ကန် မျက်နှာဘေးနှင့် ထိုကောင်မလေး ပုံစံကိုမြင်ယောင်ရင်း စိတ်တို့ ညစ်ညူး ရလေသည် ။ သူများ တွေ ပြောကြသလို ဒီကောင်မလေး အဲ့ဒီလောက်တောင် ဆိုးတာလား ...

"သား ... ဒယ်ဒီ မေးနေတယ်လေ"

"ဗျာ ..."

"သြော် ... ဒီကလေးတော့ ဘယ်တွေ စိတ်ရောက်နေပါလိမ့် ..."

"အဟွန်း ... ကျွန်တော် မကြားလိုက်လို့ ပါ ဒယ်ဒီ"

"သားဒီနေ့ ကျောင်းပိတ်တယ်မလား ဒယ်ဒီ ကုမ္ပဏီလိုက်ခဲ့ဖို့ ခေါ်မလို့ ကွ ... ကျောင်းပြီးလဲ သားပဲဦးစီးရမှာ ဆိုတော့ လုပ်ငန်းတွေနဲ့ ရင်းနှီးအောင်လို့ ..."

"ဒီနေ့တော့ ကျွန်တော် မလိုက်တော့ဘူး ဒယ်ဒီ ... နောက်ပိတ်ရက်မှ ပဲ လိုက်တော့မယ် ... အပင်စိုက်စရာနဲ့ စာအုပ် ဖတ်စရာလေးရှိလို့ "

"အေးကွာ ... သားသဘောပါပဲ"

လင်းသောကြယ်က အားလပ်ချိန်မှာ ဝါသနာပါသော စာအုပ်ဖတ်၊ ပန်းစိုက်စသော အလုပ်တို့ မှာ ပျော်မွေ့နေတတ်သည် ။ ဒါကိုသိသော မိဘတို့ ကလဲ လိမ္မာသော သားအဖြစ် သတ်မှတ်ကြစမြဲ ... ဒီနေ့လဲပိတ်ရက်မို့ မနက်စာ စားပြီးတာနဲ့ စာအုပ်တစ်အုပ်ကို ကိုင်ရင်း ခြံထဲဆင်းလာခဲ့လိုက်သည် ။ သူကိုယ်တိုင် အပင်ပန်းခံ စိုက်ထားသော ပန်းပင်တွေကို မြင်ရတာ ကျေနပ်စရာပါ။ ပန်းစိုက်နေရရင် စိတ်ငြိမ်နေတာကြောင့် ယောက်ျားလေးတန်မဲ့ သူပန်းစိုက်ရတာ သူကြိုက်သည် ။

"မနက်ကျရင်ထွက်ခဲ့ ... ချိန်းထားတာမမေ့နဲ့ ... ဘယ်သူမှ မသိတုန်း ခိုးထွက်လာခဲ့ပါ။ လမ်းထိပ်မှာ စောင့်မယ် ၁၅မိနစ်ကြိုရောက်မယ် ... ဖြီးလိမ်းတာလေး ခပ်မြန်မြန်လုပ်ပါ ... နင်နောက်ကျရင် နင့်ကိုနမ်းမယ် ... ငါနောက်ကျရင် ငါ့ကိုနမ်းပါ ဘာဘာညာညာ ဟန်ပန်တွေမလိုဘူး ..."

"ဟင် ..."

ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာသော ဂစ်တာသံကြောင့် လက်ထဲက စာအုပ်ပေါ် အာရုံမရောက်နိုင်ပဲ စိတ်က ပျံ့လွင့်လာရသည် ။ ဂစ်တာတီးကာ သီချင်းအော်ဆိုသံက တစ်ဘက်ခြံက ဖြစ်နေတာကြောင့် ဟိုကောင်မလေးမှန်း ချက်ချင်း သိလိုက်သည် ။ သူထကြည့်လိုက်လျှင် သစ်သားစားပွဲပေါ်မှာ အကျအန ဂစ်တာ ထိုင်တီးနေသော ကောင်မလေး ...

"ကြည့်စမ်း ... ဒါမိန်းကလေးဆိုရမဲ့ သီချင်းလား ... မိန်းကလေး

ဖြစ်ပြီး ဂစ်တာတကိုင်ကိုင်နဲ့ ဘယ်လိုကောင်မလေးလဲ မသိဘူး ..."

ယောက်ျားလေး ဖြစ်သော သူတောင်ဂစ်တာကို ကောင်းကောင်း မတီးတတ်။ လင်းသောက ဂစ်တာကိုင်ရမှာ ထက် စာအုပ်ကိုင်ရခြင်းကို ပိုနှစ်သက်သူ ... ထိုကောင်မလေးကို လျစ်လျူရှုထားရင်း စာထဲအာရုံပြန်စိုက်နေပေမဲ့ ဟိုကောင်မလေးအသံက ထွက်ပေါ်နေဆဲ ...

ခြံနှစ်ခြံက အုတ်တံခိုင်း တစ်ခုသာခြားထားပြီး အလယ်မှာ ခြံနှစ်ခြံကို ကူးရလွယ်အောင် မလွယ်ပေါက် တစ်ခုထားရှိခဲ့ဟန် တူသည် ။ အခုတော့ ထိုတံခါးလေးက နွယ်တို့ ရစ်ပတ်လျက် ရှိလေသည် ။

"ည ... ညလေး"

"ကျစ် ... ဘာကိစ္စလဲ"

ကျစ်ခနဲ စုတ်သတ်သံနဲ့ အတူ စကားပြောသံ တချို့ကိုလည်း သူ အတိုင်းသား ကြားနေရပြန်၏။

"ဒီမနက်ကျူရှင် ရှိတယ်မလား သမီး အဲ့ဒါမေလေးက လာသတိပေးတာပါ .... ဒီမှာ သမီးသောက်ဖို့ နွားနို့ ... ဒါလေးသောက်ပြီး ကျူရှင်သွားလိုက်နော်"

"ဟင့်အင်း ... စိတ်မပါလို့ ကျူရှင်မသွားတော့ဘူး ... အဲ့ဒီနွားနို့လဲ မမြင်ချင်ဘူး၊ ပြန်ယူသွားပေးပါ ... အပိုတွေမလုပ်ပါနဲ့ ... အန်တီအပိုတွေ လုပ်နေလဲ ဒယ်ဒီ သိမှာ မဟုတ်ဘူး ... ဒယ်ဒီက အ လုပ်သွားပြီ"

"အို ... မဟုတ်တာ ညရိပ်လေးရယ် ဒီနွားနို့လေးတော့ ..."

"မသောက်ဘူးလို့ ပြောနေတယ်လေ ... ချွမ်း ..."

"တောင်းပန်ပါတယ် ... ညကို လွှတ်ထားကြပါ ... တကယ်စိတ်တွေ

ရှုပ် လာပြီ"

ဟိုကောင်မလေး နွားနို့ပန်းကန်ကို ခွဲပစ်လိုက်မှန်း သိလိုက်သည် ။ ဂစ်တာသံ တိတ်သွားသလို မလွယ်ပေါက်မှ မြင်နေရသော အရိပ်လေးပါ ပျောက်သွား၏။ သူတမင်နားထောင်နေတာ မဟုတ်ပေမဲ့ အတိုင်းသား ကြားနေရသော အသံများကြောင့် တစ်ဘက်ခြံမှ အိမ်တွင်းရေး အခြေအနေကို အကဲခတ် လိုက်မိပါ၏။

သူကြုံရသမျှ အခြအနေတိုင်းမှာ 'ညရိပ်'ဟူသော ကောင်မလေးကို ဘယ်လိုမှ အကောင်းမမြင်နိုင်ဘဲ ...

"ဟူး ... တော်တော်ဆိုးတဲ့ ကောင်မလေးပဲ ..."

သူဝေးဝေးရှောင်ရမဲ့ စာရင်းမှာ အဲ့ဒီကောင်မလေးက နံပါတ်တစ်။

***

တစ်နေ့လုံး ဒီတံတိုင်းနား ရစ်သီရစ်သီ လုပ်နေရသည် မှာ ဘယ်နှခါမှန်း မသိတော့။ မြင်သာမြင်ရ မကြင်ရဟူသော စကားမှာ အခုမှ တကယ် ဖြစ်နေပါပြီ။ အတော်လေးမြင့်သော မာကလာပင်မှ အသီးတို့ကလဲ ဒီတစ်ခေါက်မှ ပိုပြီးကြီးနေကာ ချိုမည့်ပုံပင်။ ညရိပ်ငယ်ကထဲက ခူးစားလာသော အပင်မို့ ဘယ်လောက် ကောင်းမှန်း သူမသာသိ၏။ ဝယ်သော အသီးများ ထက် ကိုယ်တိုင် လတ်လတ်ဆတ်ဆတ် ခူးစားရမှ ညက ကျေနပ်တတ်သည် ။

"အား ... မရတော့ဘူးနော် စိတ်တို လာပြီ ... ဒီမာကလာပင်ကလဲ ဘာလို့ ဟိုဘက်ခြံထဲ သွားပေါက်နေရတာလဲ ... ဒီခြံထဲလာပေါက်တော့ သူ့ကိုရိုက်လွှတ်မှာ ကျနေတာပဲ"

ခြံနှစ်ခြံ ကြားရှိသော မလွယ်ပေါက်မှ ချောင်းကြည့်လိုက်မိတော့ ခြံ

ထဲမှာ ဘယ်သူမှ ရှိမနေပါ။ မတိုမရှည် ဆံပင်အကုတ်လေးကို တစ်ချက် ဝဲခနဲ ဖြစ်သွားအောင် ခါလိုက်ကာ လှလှပပလေး ပြုံးလိုက်မိသည် ။ ည အကြံကို အကောင်ထည်ဖော်ရန် လုပ်နေကြအတိုင်း တစ်ဖက်ခြံပေါ် လွှားခန ခုန်လိုက်သည် ။

အခုမှ တကယ့် ငတတ်ပြား ဖြစ်နေရသည့် အဖြစ်။

"အဟက် ... ငါ လာပြီ မာကလာပင်ကြီးရေ ..."

ရွှတ်နာက်နောက်ဆိုရင်း အရှိန်ယူကာ ခုန်ချလိုက်သည် ။

"ဘုတ် ..."

တစ်ဖက်ခြံရောက်တော့ မာကလာပင်ပေါ် ကျွမ်းကျင်စွာ စတက် တော့သည် ။ ငယ်စဉ်ထဲက တက်နေကြမို့ အခက်အခဲတော့ မရှိပါ။ ဟော ... ဟိုမှာ တစ်လုံး တစ်လုံး ခူးဆွတ်ပြီးနောက် အထက်ရောက် အောင် ဆက်တတ် လိုက်သေးသည် ။ တွေ့ရပါပြီ ... နောက်တစ်လုံး၊ သစ်ရွက်တွေ ကြားရောက်နေသော အလုံးမို့ ပိုချိုလိမ့်မည်။

"ဟာ ... ဒီမှာ တစ်လုံး အဟွန်း ... နင်က ညရန်ကို ကြောက်လို့ ရွက် ပုန်းသီး လုပ်နေတယ်ပေါ့လေ ... မရဘူး လာခဲ့ ..."

"ဟိတ် ... အခုဆင်းခဲ့စမ်း"

"ဟင် ..."

ကျယ်လောင်လှသော အသံကြောင့် လူကဆတ်ခနဲ တုန်သွားကာ အောက်သို့ ငုံ့ကြည့်မိတော့ မီးတဝင်းဝင်း တောက်နေသော မျက်လုံးအ စုံဖြင့် ကြည့်နေသော ဟိုပုဂ္ဂိုလ် ...

"ဟင် .... ဟိုလူ ...."

"ဟိတ် ... ဟိုလူတွေ ဒီလူတွေ လုပ်မနေနဲ့ အခုဆင်းခဲ့"

မာကျောတင်းပြတ်လှသော အသံကြောင့် ညလဲ ထောင်းခနဲ ဒေါသထွက်သွားသည် ။ အစက စကားပြေပြေပြစ်ပြစ် ပြောဖို့ စိတ်ကူးရှိခဲ့ပေမဲ့ အခုတော့ ဒေါသစိတ်ကြောင့် ညမျက်နှာလေးက ဂျစ်ကန်ကန် ဖြစ်နေရလေပြီ ...

"ခုထိ မဆင်းသေးဘူးလား"

"ဆင်းနေတာပဲ ... ခင်ဗျား မမြင်ဘူးလား"

မျက်နှာလေးချိုကာ ဆင်းလာနေသော ကောင်မလေးကြောင့် ဒေါသထွက်ရသူက လင်းသောကြယ်ပင်။

"ကျစ် ... တကယ်ပဲ .... နောက်မှ ဒီမာကလာပင် ခုတ်ကိုပစ်ဦးမယ်"

"ဘာ ..."

သတိထားဆင်းနေရာမှ ထိုပင်္ဂုလ် ပြောစကား ရင်ထဲတစ်မျိုး ဖြစ်သွားရသည် ။ ညဝမ်းနည်းသွားတာလား ...

ဟင့်အင်း ... ညရိပ်ရင်ခွင်က တော်ရုံ ဝမ်းနည်းတတ်တဲ့ သူမှ မဟုတ်တာ၊ ဒါဆို ဘာဖြစ်တာလဲ။

မာကလာပင် ခုတ်မယ်ဆိုတဲ့ စကားကြောင့် ဒေါသ ဖြစ်သွားတာလား ... သူဘာလို့ ညအပေါ် အကောင်းမမြင်နိုင်ရတာလဲ ... ဒီလူလဲ သူတို့ နဲ့ အတူတူပါပဲလား ... ဒီဘက်ခြံက ညလာမှာ ကြောက်တာနဲ့ မာကလာပင်ကို ခုတ်ပစ်မယ်တဲ့ လေ ... ရင်ထဲမှာ တစ်ချက်တော့ ကျင်ခနဲ ဖြစ်သွားပေမဲ့ သူမအကျယ်ကြီး အော်ရယ်ပစ်ချင်သည် ။

"ဟာ ... ဟော့ .... ဟော့ သတိထား ဆင်းလေ"

လင်းသောကြယ်ရဲ့ သတိပေးစကားက နောက်ကျသွားလေပြီ။ သစ်ကိုင်း တစ်ခုကိုအနင်း ခြေချော်သွားတာကြောင့် သူမကိုယ်လေးက လေဟာနယ်ထဲ ရောက်သွားရ၏။ မျက်လုံးကို စုံမှိတ်ကာ သွားပြီဟု တွေးလိုက်ပေမဲ့ သူမကိုယ်လေး မြေပြင်ပေါ် ပစ်စလတ်ခတ် မကျခဲ့ဘဲ ...

"အား ..."

အောက်ကနေ ထွေးပွေ့ ဖမ်းလိုက်သော အထိအတွေ့တစ်ခု ... ပြီးတော့မှ မြေပြင်ပေါ် လုံးထွေးကာ လဲကျသွားခဲ့သည် ။ မှိတ်ထားသော မျက်လုံးတို့ ကိုအဖွင့် သူမက ဟိုပုဂ္ဂိုလ် ရင်ခွင်ထဲ ရောက်နေရကာ ကိုယ်သင်းရနံ့ သင်းသင်းလေးက အာရုံထဲ တိုးဝင်လာသည် ။ လူချင်းကွဲသွားတော့မှ တစ်ကိုယ်လုံး ထူပူသလို ဖြစ်သွားရလေသည် ။

"ဟဲ့ ... ဟဲ့ ... ဘာတွေဖြစ်ကြတာလဲ ... သားဘာဖြစ်တာလဲ ..."

စိုးရိမ်တကြီး အော်သံနဲ့ အတူ ကျက်သရေရှိလှသာ အန်တီတစ်ယောက် တိုက်ထဲမှ အပြေးလေး ထွက်လာသည် ။

"ဒီမှာ လေ မာမီ ... ဟိုဘက်ခြံက ဟိုကောင်မလေးပေါ့ ... မာကလာ သီး လာခူးနေတယ် .... အခုတော့ ပြုတ်ကျပြီလေ ..."

"ပြုတ်ကျမှာ ပေါ့ ... ခင်ဗျားက အပင်အောက်နေ ညကို သူခိုးလိုမျိုး အတင်းဆင်းခိုင်း နေတာလေ"

"ဟယ် ... ဟုတ်လား .... ဖြစ်ရလေ သမီးလေးရယ် ... ဘယ်နား နာ သွားသေးလဲ"

စိုးရိမ်နေသော မျက်နှာနှင့် ချိုသာလှသော အသံကြောင့် ညရင်ထဲ နွေးသွားသည် ။ စိတ်ထဲမှာ လဲ ညမာမီကို သတိရသွားသလိုပါ။ နှာဝမှာ ပူစပ်စပ်ဖြစ်လာကာ ငိုချင်လာသလိုပင်။ ကြင်နာတတ်သော အန်တီကို

ကြည့်ရင်း မာမို့ကို အစားထိုး မြင်ယောင် လာရလေသည် ။ ပြီးမှ ခေါင်းကို ခါယမ်းမိရင်း ...

"ဘာမှ မဖြစ်ပါဘူး အန်တီ ..."

"သေချာရဲ့ လားကွယ် ... ဒါနဲ့ သမီးက ခြံထဲ ဘယ်လို ဝင်လာတာလဲ ..."

"အဟင်း ... ခြံတံတိုင်းကို ကျော်တတ်လာတာပါ အန်တီ ..."

"ဟွန်း ... သူခိုးကျင့် သူခိုးကြံနဲ့ "

"ဘာပြောတယ် ... သူခိုးကျင့် သူခိုးကြံဟုတ်လား ... ဒီအပင်က ခင်ဗျား မလာထဲက ညတက်ခူးနေကျ အပင် သိရဲ့ လား ..."

ည မှာ ဟိုပုဂ္ဂိုလ် ပြောစကားကြောင့် ဒေါသထွက်ရလျှင် အန်တီက သဘောကျကာ တဟင်းဟင်း ရယ်ရင်း ...

"သားကလည်း လေ ... ညီမလေးကို မစပါနဲ့ ... အန်တီတို့ ပြောင်းလာတာ မကြာသေးဘူး သမီးရဲ့ ... ဒါနဲ့ သမီးနာမည်က ..."

"ညရိပ်ရင်ခွင်ပါ အန်တီ ..."

"ဟယ် ... အရမ်းလှတဲ့ နာမည်လေးပဲ၊ သမီးလေးကလည်း အရမ်းချစ်စရာ ကောင်းတယ်။ အန်တီကို မှတ်ထားနော် ... ဒေါ်ပန်းသီတဲ့ ဒါက အန်တီရဲ့ သား ... လင်းသောကြယ် အန်တီ ပြောပြမယ်နော် ... မိန်းကလေးဆိုတာ အဲ့ဒီလို ကျော်ခွပြီး မနေသင့်ဘူး သမီးရဲ့ ... မသင့်တော်ဘူး လေ ... သမီး မာကလာ သီးစားချင်ရင် ကိုယ်တိုင် လာခူးလှည့် ... ဪ ... ခြံတံတိုင်းကို ကျော်ပြီးလာခိုင်းတာ မဟုတ်ဘူး နော်၊ အိမ်ရှေ့ကဝင်ခဲ့ ... ဟုတ်ပြီလား၊ အန်တီတို့ အိမ်ကို အချိန်မရွေး ဝင်နိုင်တယ်"

"ဟုတ်ကဲ့ အန်တီ"

တခြားသူတွေ ပြောရင် နာခံလေ့ မရှိပေမဲ့ ဒီတစ်ခါတော့ ညစိတ်က ညင်သာနေသည် ။ ရှေ့မှ အန်တီ့အား မြင်မြင်ချင်း ချစ်ခင်မိတာကြောင့်လဲ ပါ၏။

"အဲ့ဒါဆို ည ပြန်လိုက်ပါဦးမယ်"

"ဩော် ... အေးကွယ်၊ နောက်လဲ လာလည်နော် သမီး"

ညခေါင်းမညိတ်မိသလို ခေါင်းလဲ မခါမိပါ။ အနားမှ ဟိုပုဂ္ဂိုလ်ရဲ့ မျက်မှောင်ကြုတ် ကြည့်သော အကြည့်တို့ ကိုသာ မုန်းနေမိသည် ။

"အ ..."

အိမ်ပြန်ရန် ထိုင်ရာမှ အထ ခြေထောက်မှ ဆစ်ခနဲ နာသွားတာကြောင့် မျက်နှာလေးရှုံ့မဲ့ကာ ပြန်ထိုင်လိုက်ရသည် ။ သွေးအေးသွားတာမို့ ဒဏ်ရာက အခုမှ နာလာခြင်း ဖြစ်လိမ့်မည်။

"သမီးရရဲ့ လား ..."

"ခြေထောက်က နာနေတယ်"

"အို ... ခြေဆစ်လွဲသွားတယ် ထင်တယ် ... ဟဲ့သား ကားထုတ်စမ်း သမီးကို ဆေးခန်း လိုက်ပို့ရအောင်"

"ရတယ် အန်တီ ... ညဆေးခန်း မသွားချင်ဘူး ... မမကိုပဲ ပြကြည့်လိုက်ပါ့မယ်"

"ဒါဆိုအန်တီတို့ ပြန်လိုက်ပို့ပေးမယ် ... သား ... မာမီနဲ့ လိုက်ခဲ့"

ည အော်သာ ရယ်လိုက်ချင်သည် ။ ဟွန်း ...

အမေက စိတ်ထားကောင်းသလောက် သားက စိတ်ပုတ်ကြီး။ အခု

လဲကြည့် ... အန်တီက ညကိုတွဲထားပေမဲ့ ဘေးမှ ပုဂ္ဂိုလ်ကတော့ စိတ်မပါသည့်ပုံပင်။ တစ်နေ့ထက် တစ်နေ့ ဒီလိုဆိုးဝါးတဲ့ တွေ့ဆုံခြင်းတွေနဲ့ သာ ခရီးဆက်ရမည်ဆိုလျှင် ...

***